The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့ (19-7-2011) (၆၃၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကျေးလက်၌ ရရှိပြီးဖြစ်သည့် အခြေခံကောင်းများဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အကောင်အထည်ဖော်

ဆင်းရဲနွမ်းပါးမှုဖြစ်စေသည့် လောင်းကစားမှုများ ပပျောက်စေရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၈

ကျေးလက်ဒေသများ၌ ရရှိပြီးဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံကောင်းများအပေါ် မူတည်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် မအူပင်မြို့ တိုးရွှေဝါ ခန်းမ၌ ကျင်းပသော ရောဝတီတိုင်းဒေသကြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်

ခုခံကျ/ကာလသားရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ကမ္ဘာ့ရန်ပုံငွေအဖွဲ့သို့ ပေးပို့လျှောက်ထားရန် ဆွေးနွေး

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် (၁၁)ကြိမ်မြောက် M-CCM အစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၈

ယနေ့ ကျင်းပသည့် (၁၁)ကြိမ်မြောက် M-CCM အဖွဲ့ အစည်းအဝေးသည် ရောဂါကြီးသုံးမျိုးဖြစ်သော ခုခံကျ/ကာလသားရောဂါ (AIDS)၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ (Proposal Concept) ကို ကမ္ဘာ့ရန်ပုံငွေအဖွဲ့သို့ ဇူလိုင် ၂၂ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် M-CCM ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် M-CCM အစည်းအဝေး (11th Myanmar Country Coordinating Machanism Meeting)ဖွင့်ပွဲ အခမ်းအနား၌ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က (၁၀)ကြိမ်မြောက် M-CCM အစည်းအဝေး မှတ်တမ်းကို ဖတ်ကြားပြီး အစည်းအဝေးက အတည်ပြုသည်။

ထို့နောက် ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ GF Round 11 သို့ လျှောက်ထားမည့် လုပ်ငန်းစဉ်များကို ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာခင်ဉမ္မာစံက AIDS ရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပတ်သက်၍ လည်းကောင်း၊ တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာသန္တာလွင်က တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပတ်သက်၍ လည်းကောင်း၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာနီနီအေးက ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (GF Round 11) အတွက် ရန်ပုံငွေလျှောက်ထားမှုလျာထားချက်ကို M-CCM အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ အက်စ်ကျော်လှတို့က အတည်ပြု လက်မှတ်ရေးထိုးကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

ယနေ့ သတင်းအညွှန်း

ရောဝတီတံတား (ပခုက္ကူ)၏ ခန်းဖွင့် ၃၀ အနက် ၁၆ ခန်း တပ်ဆင် ပြီးစီးပြီး ၁၄ ခန်းသာကျန်

(သတင်း) စာမျက်နှာ - ၅

(၁၁)ကြိမ်မြောက် အာရှဇီဝ ဒြပ်ထုဆိုင်ရာ ဆွေးနွေး

(သတင်း) စာမျက်နှာ - ၁၁



နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆောက်လုပ်ရေး၊ လယ်/ဆည်၊ ပို့ဆောင်ရေး တို့ အနိုင်ရ

(သတင်း) စာမျက်နှာ - ၁၀

ချဲထီ၊ နှစ်လုံးထီ လောင်းကစားမှုများ ပြင်ဦးလွင်၌ ဖမ်းဆီးရမိ

(သတင်း) စာမျက်နှာ - ၁၁

အမျိုးသမီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ သမိုင်းသစ်ရေးထိုးခဲ့သည့် ဂျပန်အမျိုးသမီး အသင်း

(သတင်း) စာမျက်နှာ - ၁၀

၁၉- ၇ -၂၀၁၁
(အင်္ဂါနေ့)

စေတနာ၊ ဆန္ဒ၊ ဝီရိယရှိရှိ စွမ်းဆောင်

နိုင်ငံ၏လူဦးရေ အများဆုံးနေထိုင်ရာ ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းများတိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသောအခန်းကဏ္ဍက ပါဝင်နေသည်။

ထို့ကြောင့်ပင် နိုင်ငံ၏အဓိကကုန်ထုတ်စွမ်းအားစုကြီးဖြစ်သည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မားရေးကို အလေးထားဖော်ဆောင်နေခြင်းဖြစ်သည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်ယာကုန်ထုတ်လုပ်ငန်းများ၊ သားငါးမွေးမြူထုတ်လုပ်မှုနှင့် ကျေးလက်နှင့် မြို့ပေါ်ရှိ လက်လုပ်လက်စားပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ မကြောင့်မကြနေထိုင်နိုင်ရေးတို့ပါဝင်သည်။

အဓိကအသက်မွေးဝမ်းကျောင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှသာ ပြည်သူအများစု၏ စီးပွားရေးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည်။ စိုက်ပျိုးသူများအနေဖြင့် စိုက်ပျိုးစရိတ်လျှော့ချပြီး တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် နည်းပညာများအသုံးပြုကြရပေမည်။ စိုက်ပျိုးသူများ အပိုဝင်ငွေရရှိနိုင်စေမည့် တစ်နိုင်တစ်ပိုင်မွေးမြူရေးကိုလည်း တွဲဖက်ဆောင်ရွက်သင့်ပေသည်။

ရာသီသစ်သီးဝလံ စိုက်ပျိုးရာတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း သီးနှံပေါ်ချိန်၌ ဈေးကွက်မရှိခြင်း၊ ဈေးနှုန်းကျဆင်းခြင်းစသည့် အခက်အခဲများကြုံတွေ့ကြရသဖြင့် အစုအဖွဲ့များဖွဲ့စည်း၍ စုပေါင်းအဖြေရှာလုပ်ကိုင်ကြရပေမည်။

မွန်ပြည်နယ်ကဲ့သို့ ရော်ဘာအများအပြား စိုက်ပျိုးဖြစ်ထွန်းသည့်ဒေသတွင် ရော်ဘာတစ်နိုင်တစ်ပိုင် ငါးဧကမှ ၁၅ ဧကအထိ စိုက်ပျိုးလုပ်ကိုင်နေသူ ရာခိုင်နှုန်း ၆၀ ကျော်ရှိသည်။ လုပ်ငန်းရှင်ကြီးများအနေဖြင့် အရင်းအနှီး၊ နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ စက်ကိရိယာများ အပြည့်အဝရှိပြီး ဈေးကွက်ရရှိရေး ဖန်တီးနိုင်သည်။ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့များဖွဲ့စည်းလုပ်ကိုင်ခြင်းဖြင့် တွေ့ကြုံရသည့်အခက်အခဲနှင့် အကန့်အသတ်များကို ကျော်လွှားနိုင်မည်ဖြစ်သည်။

အလားတူ တစ်နိုင်တစ်ပိုင် ကြက်၊ ဘဲ၊ ဝက်၊ နို့စားနွားများကို တစ်အုပ်တစ်မှသည် သမဝါယမလုပ်ငန်းများနှင့် ဆက်စပ်နည်းလမ်းရှာဖွေ ကြိုးပမ်းကြခြင်းဖြင့် ဈေးကွက်ရရှိပြီး ပို့ကုန်အဖြစ် မွေးမြူထုတ်လုပ်နိုင်သည်အထိ အကျိုးဖြစ်ထွန်းနိုင်ပေသည်။ သမဝါယမလုပ်ဖော်ကိုင်ဖက်များအနေဖြင့် ကျေးလက်ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများတွင် စိတ်ရင်းစေတနာ၊ ဆန္ဒအပြည့်အဝဖြင့် ဝီရိယရှိရှိ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရည်ရွယ်ချက်များ လျင်လျင်မြန်မြန် အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

ဇူလိုင် ၂ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက် ဗဟိုလမ်းနေ ဆရာဦးလှဦး- ဒေါ်မြင့်ကြည်နှင့် သားသမီး မြေးတစ်စုက (၂၅)ခုတင်ဆံ့ ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံသို့ တန်ဖိုးငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ လူနာတင် ခုတင်တစ်လုံးနှင့် အောက်ဆီဂျင်ဘူး တစ်ဘူးတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (၆၀၀)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

နေပြည်တော် ဇူလိုင် ၁၈

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ (၉)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်စေတီတော်အနီး မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ကျိုက်မရောမြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးရဲမြင့် ဖုန်း-၀၉-၅၅၀၆၁၀၉၊ အတွင်းရေးမှူး ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း) ဖုန်း-၀၁-၅၅၅၆၅၁၊ တွဲဖက်အတွင်းရေးမှူး ဦးခင်အောင် ဖုန်း-၀၉-၈၆၂၇၄၂၂နှင့် မွန်ပရိယတ္တိစာသင်တိုက် ဖုန်း-၀၁-၂၉၇၉၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

UNICEF နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF) မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ UNICEF နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ စီမံကိန်းဒေသသတ်မှတ်ရေး ကိစ္စရပ်များ၊ မိခင်နှင့်ကလေး၊ မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ကိစ္စရပ်များ၊ မိခင်နို့တိုက်ကျွေးရေးစီမံချက် ကိစ္စရပ်များနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အမှတ်(၄)ဌာနခွဲ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာမွမ်းမံသင်တန်း အမှတ်စဉ်(၄/၂၀၁၁)ဖွင့်ပွဲကို ဇွန် ၂၁ ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သီရိမြိုင်ရဲသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယရဲမှူး ဆွေဝင်း အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အရေးယူ ပညာပေးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့၊ နယ်မြေခံရဲ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)တို့ ပူးပေါင်းစစ်ဆေးသောအဖွဲ့များသည် ဇူလိုင် ၁၇ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ လမ်းအသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်၊ အနှေးယာဉ်၊ ခြေကျင်လျှောက်သူများ စည်းကမ်းတကျ သွားလာစေရန်အတွက် စည်းကမ်းပျက်ယာဉ်များကို စစ်ဆေးအရေးယူ ပညာပေးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းရှိန်နှင့် ဆပ်ကော်မတီအဖွဲ့ဝင်များက လှည့်လည်ကြပ်မတ်စစ်ဆေးခဲ့ပြီး ပညာပေးရန်၊ အရေးယူရန် နည်းလမ်းများကို မှာကြားခဲ့သည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ဘိုကလေးမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဘိုကလေး ဇူလိုင် ၁၈

ဘိုကလေးမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ဘိုကလေး-ဖျာပုံ ကားလမ်းဘေးရှိ သကံ-မြင်းကကုန်း လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကံထွန်းတို့က ပျိုးပင်များကို စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်း၊ စိန်ပန်း၊ မဟော်ဂနီ၊ ငုံ၊ မန်ကျည်းရှား၊ မာလာလူးလားနှင့်သင်းဝင်ဖြူ ပျိုးပင်ပေါင်း ၄၀၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ (၃၆၄)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၀၃၇၀	၀. ၀၃၃၂၉
တရုတ် (ယွမ်)	၆. ၄၇၁၀၀	၀. ၁၅၄၅၄
အိန္ဒိယ (ရူပီး)	၄၄. ၅၆၅၀	၀. ၀၂၂၄၄
မလေးရှား (ရင်းဂစ်)	၃. ၀၁၅၀၀	၀. ၃၃၁၆၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၈၁၀	၀. ၈၂၀၉၅
ဂျပန် (ယန်း)	၇၉. ၁၁၈၃	၀. ၀၁၂၆၄
တောင်ကိုရီးယား(ဝမ်)	၁၀၆၁. ၀၇	၀. ၀၀၀၉၄
ယူရို	၀. ၇၁၁၅၄	၁. ၄၀၅၄၁
ဗြိတိသျှ (ပေါင်)	၀. ၆၂၁၇၁	၁. ၆၀၈၄၇

အင်တာနက်။

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ပညာရေးဆိုင်ရာထောက်ပံ့ စာသင်ကျောင်းများ၌ စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသော ဆရာ၊ ဆရာမများအတွက် ဝတ်စုံနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၏ အဓိကလိုအပ်ချက်ဖြစ်သည့် ပြည်သူများ၏ စားရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လူတမ်းစေ့နေထိုင်နိုင်မှု အဆင်ပြေရေးလုပ်ငန်း(၄)ရပ်ကို ချမှတ်ပေးပြီးဖြစ်ရာ ထိုလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်အား အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာရေးအတွက် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများက ဥစ္စာရင်လို ဥစ္စာရင်ခဲ အားထုတ်ကြိုးပမ်းကြရန်နှင့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အချိန်၏ တန်ဖိုးရှိမှုကို အလေးအနက်ခံယူပြီး ပညာရွှေအိုးလူမခိုး၊ ပညာရဲရင့်ပွဲလယ်တင့်၊ ပညာရှာ ပမာသူဖုန်းစား၊ အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူရည်ချွန် လူရည်မွန်များဖြစ်အောင် ကြိုးစားအားထုတ်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာများနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဆရာ၊ ဆရာမများအပိုင်း၊ ကျောင်းသားမိဘများအပိုင်း၊ ကျောင်းသား၊ ကျောင်းသူများအပိုင်းအလိုက် လိုက်နာရမည့် အချက်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက စာအုပ် ၂၃၄ ဒါဇင်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်က ဆရာ၊ ဆရာမများအတွက် ဝတ်စုံ ၃၀၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်နှင့် ကွန်ပါဘူး ၉၇၁ စုံတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်နှင့် ဒေါ်ရတနာအောင်တို့က လက်ခံသည်။

အလားတူ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက သင်ကြားရေးအထောက်အကူပြု ကွန်ပျူတာတစ်စုံနှင့် Sky Net တစ်စုံကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က လက်ခံသည်။

ထို့နောက် ဆရာ၊ ဆရာမများက အတန်းလိုက် အထူးပြုဘာသာရပ်များ ပို့ချနေမှုကို တစ်ဦးချင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ကျောင်း၏ ပညာသင်ကြားရေးနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးများက စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုကာ အောင်ချက်မြင့်မားရေးအတွက် ကိုယ်တိုင်ကြိုးစားအားထုတ်ကြရန် မှာကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် အဆိုပါကျောင်းပတ်ဝန်းကျင်၌ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက် အမှတ်(၁၆၉) အခြေခံပညာမူလတန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးပေးကြကာ စာသင်ခန်းမများအတွင်း လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင် မိသားစုတို့က ကျောင်းသား၊ ကျောင်းသူများအား အာဟာရဒါန ကျွေးမွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ချိုင်းရွာ အမှတ်(၁၇၉) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ကြပြီး ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင် ဦးခင်မောင်အေးက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက သင်ကြားရေးအထောက်အကူပြု Sky Net တစ်စုံကို လည်းကောင်း လွှဲပြောင်းပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက လက်ခံသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင် မိသားစုတို့က ကျောင်းသား၊ ကျောင်းသူများအား အာဟာရဒါနကျွေးမွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကျောင်းဝင်းအတွင်း စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့ နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက် အမှတ်(၁၆၉) အခြေခံပညာမူလတန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးကြစဉ်။
(သတင်းစဉ်)

စိုက်ပျိုး စွမ်းအား ပြည်ထွန်းကား

ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်းသရုပ်ပြ

ပျဉ်းမနား ဇူလိုင် ၁၈

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု မွန်းတည့်ခွင်ရွာ ကွင်းအမှတ် (၁၅၈၉) ဦးပိုင် (၄၅) ရှိ တောင်သူ ဦးလှဖေ၏ လယ်မြေတွင် ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်းသရုပ်ပြပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီက ပြုလုပ်ရာ**(အောက်ပုံ)** ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အကျိုးဆောင်တောင်သူ ၁၀၀ ခန့် တက်ရောက်ကြသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်ကြည်စိန်က ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းသည် မျိုးအသုံးပြုမှု သက်သာခြင်း၊ အပင်ပွားစည်းမှု အားကောင်းခြင်းတို့အပြင် တစ်ဧကပန်းတိုင်အထွက် သေချာခြင်းစသည့် အကျိုးများရရှိကြောင်း လက်တွေ့သရုပ်ပြရှင်းလင်းတင်ပြသည်။ ထို့နောက် တောင်သူများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းပြပြီး ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသည့် ပျိုးပင်များဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရသည်။ (၅၈၆)

သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးရေးဆွေးနွေး

ရမည်းသင်း ဇူလိုင် ၁၈

ရမည်းသင်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းပွဲကို အလယ်ကုန်း ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ ကွင်းအမှတ်(၁၀၀၅) ဦးပိုင်(၁၁၁) တောင်သူဦးမောင်၏ လယ်မြေ၌ ပြုလုပ်ရာ**(ယာပုံ)**အဆိုပါ နွေစပါးရိတ်သိမ်းပွဲတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

တက်ရောက်လာကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစောဝင်းက စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက် (၅)ချက်၊ စပါးတစ်ဧကတင်း ၁၀၀ နှုန်းအထက် ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ်များ၊ အထွက်ကောင်းမျိုးကောင်း၊ မျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ မိုးစပါးအချိန်မီထွန်ယက်စိုက်ပျိုးရေးတို့ကို ဆွေးနွေးကြသည်။ အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲတွင် မယ်အောင်ကန်ရေသောက်ဖြင့် စိုက်ပျိုးထားသော ရက် ၉၀ စပါးမျိုးမှ တစ်ဧကပျမ်းမျှ ၁၀၂ ဒသမ ၂၀ တင်း ထွက်ရှိကြောင်း သိရသည်။ (၁၁၅)

မြန်မာ့အသံရုပ်မြင်သံကြား အစီအစဉ်

၁၉-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၅	၉။	စည်းကမ်းလိုက်နာ ဘေးကင်းမှာ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၃၀	၄။	"စက်မှုတပ်ဆင်လုပ်ငန်းတွင်"
၄း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၇။	"ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်"
၅း၂၅	၈။	ကြေးမုံရိပ်သွင် တေးနှုယဉ်
၅း၄၀	၉။	ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅	၁၃။	ဆိုလိုက်ကြစို့
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၁၀)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ရယ်စရာဟာသများ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၁၆)**
	၂၀။	အစီအစဉ်ပြီး၏။

❖ **ခုခံကျမှ**

ယင်းနောက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ (၉)ကြိမ်မြောက်ရန်ပုံငွေမှ ဆေးနှင့်ဆေးပစ္စည်း မှာယူတင်သွင်းသည့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို Save the Children (Global Fund PR Unit), Associate Director of Finance Mr. Giao Trinh နှင့် UNOPS (PR- GFATM, UNOPS) မှ Public Health Programme Officer Dr. Faisal Mansoor တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် M-CCM အဖွဲ့ဝင်များက အဖွဲ့၏လုပ်ငန်းလမ်းညွှန်ချက်လက်စွဲကို အတည်ပြုခဲ့ကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေးက မိခင်နှင့်ကလေးကျန်းမာရေးအတွက် ကျွမ်းကျင်မှုနှင့် နည်းဗျူဟာဆိုင်ရာ အကြံပေးအဖွဲ့၏ ဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကာ M-CCM အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

ဟသ်ာတအသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ဟသ်ာတအသင်း၏ အကြိမ်(၂၀)မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၅)လမ်းရှိ အဆိုပါအသင်းတိုက်၌ ကျင်းပရာ ဟသ်ာတအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးစိန်တင့်(ကျားပျံ)ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဟသ်ာတဦးမြင့်ငွေက စုပေါင်းလှူဒါန်းပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား အသင်းသူ၊ အသင်းသားများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (ကြေးမုံ)

ဇူလိုင် ၁၈ ရက်က တီဘီရောဂါတိုက်ဖျက်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်း အဖွင့်အမှာစကားပြောကြားစဉ်။ (၀၉၂)

ဥရောပမှနည်းဗျူဟာသုံး နျူလက်နက်များဖယ်ရှားရေး အမေရိကန်နှင့် နေတိုးတို့ ဆွေးနွေးလျက်ရှိဟုဆို

စစ်အေးခေတ်မှစ၍ ဥရောပနိုင်ငံများ၌ ဖြန့်ကြက်ခဲ့သော နည်းဗျူဟာသုံး နျူကလီးယားလက်နက်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိုကျို ဇူလိုင် ၁၈

ဥရောပမှ အမေရိကန်၏ နည်းဗျူဟာသုံး နျူကလီးယားလက်နက်များဖယ်ရှားရေးကိစ္စနှင့် ပတ်သက်၍ ယင်းနိုင်ငံနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တို့ ဆွေးနွေးလျက်ရှိကြောင်း ဂျပန်နိုင်ငံတွင် ထုတ်ဝေသော အဆာဟိရှင်ဘွန်းသတင်းစာက ရေးသားဖော်ပြသည်။

ဆွေးနွေးလျက်ရှိ

စစ်အေးခေတ်ကာလမှစ၍ ဥရောပတိုက်၌ အမေရိကန်နိုင်ငံက ဖြန့်ကြက်ထားခဲ့သော တာတိုပစ် နည်းဗျူဟာသုံး နျူကလီးယားလက်နက်များကို ပြန်လည်ရုပ်သိမ်းရန်ကိစ္စနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံက အခြားသော နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးလျက်ရှိသည်။

လာမည့်မေလတွင် နေတိုးအဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲအမီ ဆွေးနွေးပွဲကိုအဆုံးသတ်ရန် အမေရိကန်နိုင်ငံက မျှော်လင့်ထားသည်။

အဟန့်အတားပြုလက်နက်အဖြစ် အသုံးပြုသော

နျူကလီးယားလက်နက်များနှင့် ပတ်သက်၍ အမေရိကန်နှင့် နေတိုးအဖွဲ့တို့ ပြန်လည်သုံးသပ်လျက်ရှိကြောင်း နျူကလီးယားလက်နက်ဖျက်သိမ်းရေးလုပ်ငန်းဆိုင်ရာ အမေရိကန်အထက်တန်းတာဝန်ရှိသူတစ်ဦးကို ကိုးကားလျက် အဆာဟိရှင်ဘွန်းသတင်းစာက ရေးသားဖော်ပြသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် နည်းဗျူဟာသုံး နျူကလီးယားလက်နက်များ လျှော့ချရေးကိစ္စနှင့် ပတ်သက်၍ ရုရှားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းရန် လိုလားကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရှိန်အဟုန်ရလာ

အကယ်၍ ဥရောပမှ နည်းဗျူဟာသုံး နျူကလီးယားလက်နက်များအားလုံးကို ရှင်းလင်းဖယ်ရှားရန် သဘောတူညီမှုရရှိမည်ဆိုပါက အမေရိကန်-ရုရှား မဟာဗျူဟာမြောက်လက်နက်များ ဖျက်သိမ်းရေးဆိုင်ရာဆွေးနွေးပွဲမှာ အရှိန်အဟုန်ရလာနိုင်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

အင်တာနက်။

တရားမဝင် ချက်လုပ်သည့်အရက်များမှိုဝဲ၍ အီကွေဒေါ်၌ လူ ၂၁ ဦးသေဆုံး

ကွီတို ဇူလိုင် ၁၈

အီကွေဒေါနိုင်ငံ ကွီတိုမြို့အနောက်တောင်ဘက်ရှိ လော့စ်ရီယို့စ်ပြည်နယ်တွင် တရားမဝင်ချက်လုပ်သော အရက်ပုန်းများကို သောက်သုံးခဲ့သူ လူ ၂၁ ဦးသေဆုံးခဲ့သည်ဟု အီကွေဒေါနိုင်ငံ သမ္မတ ရာဖဲလ်ကိုရီယာက ဇူလိုင် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

အီကွေဒေါ ပြည်သူ့ကျန်းမာရေးဝန်ကြီး ဒေးဗစ်ချိုင်ရီဘိုဂါ၏ ပြောကြားချက်အရ လော့စ်ရီယို့စ်ပြည်နယ် အာဒါနီတာမြို့ဆေးရုံ၌ မသမာသောနည်းများဖြင့် ချက်လုပ်ထားသည့်အရက်များ သောက်သုံးခဲ့သူ ၁၀၃ ဦးတို့အား ကုသမှုများပေးခဲ့ပြီး လူရှစ်ဦးမှာ သေဆုံးခဲ့သည်ဟုဆိုသည်။

အီကွေဒေါရဲတပ်ဖွဲ့က အဆိုပါအရက်များကို ချက်လုပ်သူအား ဖမ်းဆီးခဲ့ပြီး ချက်လုပ်ပြီး အရက်စည် ၂၈ လုံးကို သိမ်းဆည်းခဲ့သည်။ ယင်းသို့ ဈေးချိုပြီး တရားဝင်မဟုတ်သောအရက်များ ချက်လုပ်ရာတွင် မက်သနောနှင့် အဆိပ်သင့်စေနိုင်သည့် ပစ္စည်းများ ထည့်သွင်းချက်လုပ်ခဲ့သည်ဟု သိရသည်။

အင်တာနက်။

သမ္မတဟာမစ်ကာဇိုင်း၏ အကြံပေးပုဂ္ဂိုလ် ကဘူးရှိနေအိမ်၌ လုပ်ကြံသတ်ဖြတ်ခံရ

ကဘူး ဇူလိုင် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ၌ ဇူလိုင် ၁၇ ရက်က သမ္မတဟာမစ်ကာဇိုင်း၏ အထက်တန်းအကြံပေးပုဂ္ဂိုလ်တစ်ဦးနေထိုင်ရာ မြို့တော်ကဘူးရှိ နေအိမ်အတွင်းသို့ လက်နက်ကိုင်များစီးနင်းဝင်ရောက်လာကာ ၎င်းနှင့် ယင်းနေအိမ်သို့ရောက်ရှိနေသော ပါလီမန်အမတ်တစ်ဦးတို့ကို သတ်ဖြတ်သွားကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုဇဂန်ပြည်နယ်၏ အုပ်ချုပ်ရေးမှူးဟောင်း ဂျန်မိုဟာမက်ခန်းသည် ယင်းပြည်နယ်၏ အမတ် မိုဟာမက်ဟာရှင်နှင့်အတူ တိုက်ခိုက်ခံရကာ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သမ္မတဟာမစ်ကာဇိုင်း၏ အဖေတူအမေကွဲ ညီအစ်ကိုတော်စပ်သူ ဟာမက်ဝါလီကာဇိုင်း လုပ်ကြံသတ်ဖြတ်ခံရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်မပြည့်မီမှာပင် ယင်းလုပ်ကြံသတ်ဖြတ်မှု ထပ်မံပေါ်ပေါက်လာခြင်းဖြစ်သည်။ ဟာမက် ဝါလီကာဇိုင်းသည် နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်ရှိ ၎င်း၏ နေအိမ်တွင် လူယုံတော်တစ်ဦး၏ သတ်ဖြတ်မှုကို တွေ့ကြုံခဲ့ရသည်။ ဟာမက်ဝါလီကာဇိုင်းကို လုပ်ကြံသတ်ဖြတ်ရန် မိမိတို့ စီစဉ်ညွှန်ကြားခဲ့ကြောင်း တာလီဘန်အဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဂျန်မိုဟာမက်ခန်းအား သေနတ်သမားများက လုပ်ကြံသတ်ဖြတ်ချိန်တွင် နေအိမ်အတွင်း ၎င်း၏မိသားစုရှိနေခြင်း ရှိမရှိ မသိရပေ။ ခန်းအားလုပ်ကြံမှုပေါ်ပေါက်ခဲ့ပြီးနောက် လေးနာရီကြာမျှ သေနတ်ပစ်ခတ်သံများ ကြိုးကြားကြိုးကြား ထွက်ပေါ်ခဲ့ကြောင်း၊ သေနတ်သမားများအနက် တစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ကျန်သေနတ်သမားများကို ရှာဖွေလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အင်တာနက်။**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ တိုင်းမ်စကွဲးစ်ရင်ပြင် မြေအောက်ဘူတာရုံ၌ လုံခြုံရေးတာဝန်ယူနေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးကို အနံ့ခံခွေးတစ်ကောင်နှင့် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု အလွန်ကာလ၌ မြေအောက်ရထားဘူတာရုံများ အကြမ်းဖက်ဝါဒ၏ ပစ်မှတ်ဖြစ်လာ

နယူးယောက် ဇူလိုင် ၁၈

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အမြွှာအဆောက်အအုံ ပြိုလဲခဲ့ရသော ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအလွန်ကာလ၌ အကြမ်းဖက်သမားတို့၏ အဓိကပစ်မှတ်သည် ကမ္ဘာတစ်လွှားမှ မြေအောက်မီးရထားဘူတာများ ဖြစ်လာကြောင်း ဇူလိုင် ၁၈ ရက် အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု အလွန်ကာလများတွင် မဒရစ်မြို့တော်နှင့် လန်ဒန်မြို့တော် အပါအဝင် ကမ္ဘာတစ်လွှားမှ မြေအောက်မီးရထားဘူတာရုံများ၌ ဗုံးခွဲ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရသည်။

ယခုနှစ် နွေဦးရာသီကာလအတွင်းမှာပင် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့တော် မြေအောက်ရထားဘူတာရုံ၌ ဗုံးခွဲတိုက်ခိုက်မှု တစ်ရပ် ဖြစ်ပွားခဲ့သည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်ရှိ မြေအောက်ဘူတာရုံများ၌ ဗုံးခွဲတိုက်ခိုက်မှုများ မဖြစ်ပေါ်သေးသော်လည်း ယင်းသို့ တိုက်ခိုက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်မှုများစွာ ရှိခဲ့သည်။

နယူးယောက်မြို့တော်၌ မြေအောက်ရထားဘူတာရုံ ၄၀၀ ကျော်ရှိပြီး ၂၄ နာရီပတ်လုံး လုပ်ငန်းလည်ပတ်မှုရှိခြင်းကြောင့် ယင်းဘူတာရုံများ တိုက်ခိုက်ခံခဲ့ရပါက ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုထက် လူအသေအပျောက်များနိုင်ကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်ထားသည်။

လွန်ခဲ့သောနှစ်က အမေရိကန်ပြည်တွင်းမှ အယ်လ်ခိုင်ဒါတစ်ဦးဖြစ်သူ နာဂျီဘူလာဇာဇီဆိုသူက မင်ဟတ်တန်မြို့တော်ရှိ မြေအောက်ရထားဘူတာရုံများ၌ အသေခံဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ခဲ့ရာ အာဏာပိုင်များက ဖော်ထုတ်နိုင်ခဲ့သည်။

အင်တာနက်။

ရိုမေးနီးယားရထားပေါ်မှ ဒုံးကျည်ထိပ်ဖူး ၆၄ ခု ခိုးယူခံရ

ဘူခါရက် ဇူလိုင် ၁၈

ဘူလ်ဂေးရီးယားသို့ပေးပို့သည့် စစ်လက်နက်ပစ္စည်းများကို သယ်ဆောင်ပေးသော ရထားပေါ်မှ ဒုံးကျည်ထိပ်ဖူး ၆၄ခု အခိုးခံရခြင်းအား စုံစမ်းစစ်ဆေးနေသည့် ရိုမေးနီးယားအာဏာပိုင်များက အများပြည်သူတို့အား စိုးရိမ်ပူပန်မှုများပပျောက်စေရန် ကြိုးစားလျက်ရှိကြောင်း အေပီသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

၎င်းတို့သည် ပစ္စည်းအစိတ်အပိုင်းတစ်ခုမျှသာဖြစ်ပြီး ဒုံးကျည်နည်းစနစ်များ ထည့်သွင်းတပ်ဆင်ထားခြင်းမရှိသည့်အတွက် လူတို့ကိုအန္တရာယ်မရှိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖလိုရင်ဟူလီယာက အေပီသို့ ပြောကြားသည်။

စုံစမ်းစစ်ဆေးဆဲကို ရည်ညွှန်း၍ သတင်းအချက်အလက်များ ထပ်မံပြောကြားရန် ၎င်းက ငြင်းဆိုသည်။

ခိုးယူခံခဲ့ရသော ဒုံးကျည်ထိပ်ဖူးများ၌ ပေါက်ကွဲစေတတ်သော ခဲယမ်းများပါရှိခြင်းမရှိကြောင်း စုံစမ်းစစ်ဆေးမှုဖြစ်စဉ်နှင့် ပတ်သက်သည့် တာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ ရိုမေးနီးယား နေ့စဉ်သတင်းစာများတွင် ဖော်ပြထားသည်။

ယင်းထိပ်ဖူးများခိုးယူခြင်းခံရသည့်အမှုကို စုံစမ်းစစ်ဆေးလျက်ရှိရာ လူ ၅၀ကို ခေါ်ယူမေးမြန်းပြီးဖြစ်ကြောင်း အစိုးရရှေ့နေများကပြောသည်။

မီဒီယာဖက်(စ်)သတင်းဌာန၏ ဖော်ပြချက်အရ ရထားတွင် တွဲပေါင်း ၂၇ တွဲ ချိတ်ဆွဲခဲ့ပြီး စစ်လက်နက်ပစ္စည်းများ တင်ဆောင်ခဲ့သည့်တွဲမှာ ရှစ်တွဲရှိသည်။ ယင်းတို့အနက် ဒုံးကျည်ထိပ်ဖူးများ တင်ဆောင်ထားသည့်တွဲသာလျှင် ဖောက်ထွင်းခြင်းခံရသည်။ **အေပီ။**

စကြဝဠာကြီး ဖြစ်တည်မှုနှင့် ပတ်သက်၍ စူးစမ်းလေ့လာမည့် ရုရှားနိုင်ငံ၏ ရေဒီယိုအက်စထရွန်း တယ်လီစကုပ်။
(ဓာတ်ပုံ-အင်တာနက်)

နဂါးငွေ့တန်းကြယ်စုများ ဖွဲ့စည်းဖြစ်တည်မှု ရုရှား၏ အာကာသအခြေစိုက် ရေဒီယိုအက်စထရွန်း ရေဒီယိုတယ်လီစကုပ်ကြီးဖြင့် စူးစမ်းလေ့လာမည်

မော်စကို ဇူလိုင် ၁၈

အာကာသဟင်းလင်းပြင်ကို စူးစမ်းလေ့လာရေးအတွက် စွမ်းအားမြင့် တယ်လီစကုပ်တစ်ခုအား သယ်ဆောင်ထားသည့် ဒုံးယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ ရုရှားနိုင်ငံက လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၁၈ ရက် သတင်းများတွင်ဖော်ပြသည်။ ယင်းရေဒီယိုတယ်လီစကုပ်သည် ၂၅နှစ်ကျော်ကာလအတွင်း ရုရှားနိုင်ငံက အာကာသဟင်းလင်းပြင်သို့ ပထမဦးဆုံး လွှတ်တင်နိုင်ခဲ့သည့် တယ်လီစကုပ်ဖြစ်လာမည်ဖြစ်သည်။

၁၀ မီတာ အရွယ်အစားရှိ အဆိုပါတယ်လီစကုပ်သည် နေမုန်တိုင်းတိုက်ခတ်မှုများ၊ ကွေဆာခေါ် အလင်းပွိုင့်များ၊ တွင်းနက်များနှင့် နျူထရွန်ကြယ်ကြီးများကို မှတ်တမ်းတင်စာရင်းပြုမည်ဖြစ်ကြောင်း ရုရှား သိပ္ပံပညာရှင်များက ပြောကြားသည်။

မျိုးဆက်သစ်တယ်လီစကုပ်အဖြစ် သတ်မှတ်နိုင်ပြီး ရေဒီယို အက်စထရွန်းအမည်ရှိ ယင်းတယ်လီစကုပ်ကို နဂါးငွေ့တန်းကြယ်စုများ ဖွဲ့စည်းဖြစ်တည်မှုများအား လူသားတို့ ပိုမိုနားလည်လာရေးအတွက် စူးစမ်းလေ့လာနိုင်ရန် ပုံစံထုတ်တည်ဆောက်ထားခြင်း ဖြစ်သည်။

စကြဝဠာ၏ အသေးစိတ်ကျသော ပုံရိပ်များကို ယင်းတယ်လီစကုပ်ဖြင့် ရိုက်ကူးနိုင်မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ ဟတ်ဘယ်တယ်လီစကုပ်နှင့် နှိုင်းစာပါက ပုံရိပ်အရည်အသွေး အဆတစ်သောင်း ပိုမိုပြတ်သားကြောင်း သိရသည်။

ရေဒီယိုအက်စထရွန်း(Radio Astron)အမည်ရှိ စီမံချက်အရ ရုရှားသိပ္ပံပညာရှင်များက တည်ဆောက်ခဲ့သော ယင်းရေဒီယိုတယ်လီစကုပ်သည် ၎င်း၏ပတ်လမ်းအတွင်း ရောက်ရှိ၍ လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ပြီးပါက မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်လုပ်ဆောင်လိမ့်မည်ဖြစ်သည်။

အင်တာနက်။



○ **ရှေ့ဖုံးမှ**

မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအဆင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပေး၍ ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများကိုလည်း ဆပ်ကော်မတီများ ဖွဲ့စည်းစေကာ သီးသန့်တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း။

လယ်ယာထုတ်ကုန်တိုးတက်ရေးအတွက် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်မည့် စံပြလယ်ယာများ ဖော်ထုတ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပူးတွဲဆောင်ရွက်နိုင်မည့် ပေါင်းစည်းလယ်ယာများ ဆောင်ရွက်ရေး၊ ကျေးရွာအလိုက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည့်ချေးငွေများရရှိရေး၊ ကျေးလက်လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ တိုးတက်ရေး၊ ကျေးလက်စွမ်းအင်ရရှိရေးအတွက် ဇီဝဓာတ်ငွေ့၊ ဆိုလာစနစ်စသည်ကဲ့သို့ တစ်ပိုင်တစ်နိုင်စွမ်းအင်ရရှိရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောများပြုန်းတီးမှု ကာကွယ်ရေး၊ သစ်တော၊ သစ်ပင်များ ပြန်လည်စိုက်ပျိုးရေးတို့ကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မတီအဆင့်ဆင့်က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် တစ်ဖက်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်နေသကဲ့သို့ ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသည့် လောင်းကစားမှုများ ပပျောက်စေရေးကိုလည်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အစည်းအဝေးတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက ခရိုင်အတွင်း ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့် ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်း(၈)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများ၊ လယ်ယာကုန်ထုတ်အသင်းများဖွဲ့စည်းမှု၊ စံပြလယ်ယာ၊ ပေါင်းစည်းလယ်ယာများ ဆောင်ရွက်ထားမှု၊ အသေးစားငွေစုငွေချေးလုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှု သမဝါယမအသင်းများ၊ လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းများ၊ ငွေစုငွေချေး သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်း၊ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ကော်မတီဝင်များ၊ မအူပင်မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တံတားတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက် အကြီးဆုံးနှင့် အရှည်ဆုံးတံတားကြီးဖြစ်သည့်အတွက် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထား

နေပြည်တော် ဇူလိုင် ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်နေသော ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်းသို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ်(တံတား) ဦးရွှေလေးက ပခုက္ကူဘက်ကမ်းတွင် သံပေါင်များကို သုံးနေရာခွဲ၍ တစ်ပြိုင်တည်း တပ်ဆင်နေမှု၊ ပင်မတံတား၊ ချဉ်းကပ်တံတားနှင့် ချဉ်းကပ်ကားလမ်းများ ဆောင်ရွက်နေမှု၊ ပစ္စည်းရရှိမှု/သုံးစွဲမှုနှင့် လိုအပ်ချက်၊ စက်ယာဉ်ယန္တရားနှင့် ဝန်ထမ်းအင်အားအခြေအနေတို့ကိုလည်းကောင်း၊ အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးက လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ပင်မတံတား သံပေါင်တပ်ဆင်နေမှု၊ ချဉ်းကပ်တံတားနှင့် ကားလမ်းများဆောင်ရွက်နေမှု၊ တံတားကြမ်းခင်းပြားများ၊ လက်ရန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်၊ ယခုတည်ဆောက်နေသည့် တံတားကြီးသည် မြန်မာပြည်တွင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ တံတားများအနက် အကြီးဆုံးနှင့် အရှည်ဆုံးတံတားကြီး တစ်စင်းဖြစ်သည့်အတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်တိုအတွင်း အမြန်ဆုံးပြီးစီးရေး၊ လူအင်အား၊ စက်ယန္တရားအင်အားပြည့်ဖြင့် နေ့/ည ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လက်ပန်ခြေပေါ်ဘက်ကမ်း၌ တံတားကြမ်းခင်းပြားများ၊ လက်ရန်းများ သံဂဟေဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားပေါ်ရှိ ယာယီသံလမ်းမှ ရထားစက်ခေါင်းတွဲဖြင့် ကြမ်းခင်းများ ဆက်လက်သွန်းလောင်းရန် ဆောင်ရွက်နေမှုနှင့် သံပေါင်များ ဆက်လက်တပ်ဆင်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေလယ်ကျွန်းသံပေါင်ခုံးဆက်များ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူဘက်ကမ်း ရှင်းလင်းဆောင်၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ အနေဖြင့် အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်ရန်၊ မိမိတာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းအပေါ် စေတနာထား ဆောင်ရွက်ရန်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်သွားရန်၊ တံတားတည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို အထူး အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ဧရာဝတီတံတား(ပခုက္ကူ)၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ မီတာ(၁၀၀) ခုနစ်ခန်း၊ မီတာ(၁၂၀) ၂၃ ခန်း စုစုပေါင်းအခန်း ၃၀ ပါရှိပြီး ယနေ့အထိ သံပေါင် ၁၆ ခန်း တပ်ဆင်ပြီးစီးနေပြီဖြစ်သည့်အတွက် ၁၄ ခန်း ကျန်ရှိကြောင်း၊ သံပေါင်တပ်ဆင်ပြီးစီးမှု ရာခိုင်နှုန်းမှာ ၅၂ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ဧရာဝတီတံတား (ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းနှစ်ဖက် အရှည် ၁၃၅၃၇ ပေ၊ မီးရထားလမ်းနှစ်ဖက်အရှည် ၂၀၅၉၇ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့်ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေသုံးလက်မစီ ပါရှိကြောင်း၊ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ အမြင့် ၅၂ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်စွာပြီးစီးကြောင်း သဘောတူလက်မှတ်ရေးထိုးပွဲနှင့် ICT Master Plan Delivery Ceremony အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

1st ICT Master Plan Myanmar(2005 to 2010) တွင်ပါဝင်သည့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ အောင်မြင်စွာပြီးစီးကြောင်း သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea International Corporation Agency(KOICA) မှ ပညာရှင်များ ပူးပေါင်းရေးဆွဲခဲ့ကြသည့် Myanmar ICT Master Plan လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Kim Hae-Yong၊ ဒုတိယဝန်ကြီးများ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဌာနကြီးမှူးများ၊ KOICA မှတာဝန်ရှိသူများ၊ ကွန်ပျူတာအသင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Kim Hae -Yong က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကိုရီးယားတယ်လီကွန် သုတေသနအင်စတီကျု(ETRI), Korea မှ Dr. Ilsue Roh က ICT Master Plan နှင့်စပ်လျဉ်း၍ သရုပ်ပြရှင်းလင်း တင်ပြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက Myanmar ICT Master Plan ကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းထံ ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဣန္ဒြိလှနှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ ကိုယ်စားလှယ် Ms. Kim Tae Eun တို့က 1st ICT Master Plan Myanmar (2005 to 2010) တွင် ပါဝင်သည့် မြန်မာ - ကိုရီးယား နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်စွာ ပြီးစီးကြောင်း သဘောတူလက်မှတ်ရေး ထိုးခဲ့ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပဥ္စင်္ဂကမင်္ဂနှင့်အဌင်္ဂကမင်္ဂ" တရားတော် (ဆရာတော်ဦးယောသိတ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၁)**
- ၈း၅၀ ရွာဓလေ့နှင့် ကြည်မွေ့ဖွယ်ရာ ကျေးလက်ရှင်ပြု အလှူတော်မင်္ဂလာ
- ၉း၁၀ ထူးမြတ်အလှူကုသိုလ်ယူ
- ၉း၂၅ မကွေးမြို့တွင် ဆင်ယင်နွှဲ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
- ၉း၄၅ Cartoon Show Time
- ၁၀း၃၀ သစ္စာအောင်မြေပန်းစေတီနှင့် မေတ္တာအောင်မြေပဌာန်းစေတီ ထီးတော်တင်လှူပူဇော်ပွဲ
- ၁၀း၅၀ Celebrity Style
- ၁၁း၁၀ PRARAM 9 HOSPITAL (Part-4)
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ သင်ကြားရေးလမ်းညွှန်
- ၁၂း၄၀ ကူညီဖေးမ ပရဟိတ
- ၁း၀၀ "ပဥ္စင်္ဂကမင်္ဂနှင့်အဌင်္ဂကမင်္ဂ" တရားတော် (ဆရာတော်ဦးယောသိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ကြည့်မြင်တိုင်မြို့နယ်သာသနာ့နုဂ္ဂဟအသင်းကြီး၏ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဩဝါဒခံယူခြင်းအခမ်းအနား
- ၂း၃၅ AVAMIN ရိုက်ကွင်းအမှတ်တရ
- ၂း၅၅ လှိုင်သာယာမြို့နယ်ဆုတောင်းပြည့်ပတ္တမြားစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်အလှူတော် မင်္ဂလာ
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၉)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၁)**
- ၅း၀၀ အရိုးပွရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၅း၂၀ The Champion of Dance
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၀)**
- ၇း၂၀ Celebrity Choice
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၂)**
- ၁၀း၂၀ Box Office Movies (အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်)
- ၁၀း၄၅ မေတ္တာပန်းတို့မွေးပုံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ ချိုပြုံး) [ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်]
- ၁၁း၀၀ World of Knowledge
- ၁၁း၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ
- ၁၂း၀၅ ဖန်တီးသူနှင့်အနုပညာ
- ၁၂း၃၅ မြန်မာ့ "အိုး"
- ၁၂း၄၀ Movie Mistakes(Spider Man)
- ၁း၀၅ ဆေးဖက်ဝင်. . . ဝင်ငွေတိုး. . . 'ဝ'ဥပင်ကိုပျိုး
- ၁း၂၅ Celebrity Profile
- ၂း၀၀ သတ္တုတူးသောရွာကလေး
- ၂း၁၀ Shooting Location
- ၂း၃၀ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၂း၄၅ စွမ်းအင်တို့ရဲ့နှိုးစက်
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ဒို့တိုင်းဌာနီ ဧရာဝတီ
- ၄း၂၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
- ၄း၅၀ ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့်လည်းကောင်း၊ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးကြိုးအန္တရာယ် သတိပြုဖွယ်

ဗိုလ်သင်း(မီးသတ်)



ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ သဘာဝဘေး အန္တရာယ်များသည် အမျိုးမျိုး ဖြစ်ပေါ်လျက်ရှိသည်ကို သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည့် မီဒီယာမျိုးစုံမှ သိရှိတွေ့မြင်နေကြရမည် ဖြစ်သည်။ မြေပေါ်တွင် ငလျင်၊ မီးတောင်ပေါက်၊ မြေပြို၊ မိုးကြိုးပစ်၊ မိုးခေါင်၊ ပိုးမွှားတိရစ္ဆာန်ဖျက်ဆီးခြင်း စသည်တို့ ဖြစ်ပေါ်လျက်ရှိသကဲ့သို့ ရေကြောင့်လည်း မိုးသည်းထန်၊ ရေကြီး၊ ဆူနာမီရေလှိုင်း၊ ရေခဲတောင်များ အရည်ပျော်သဖြင့် ပင်လယ်ရေမြင့်တက်ခြင်း၊ ရေနေသတ္တဝါများ သေကျေခြင်းများ ဖြစ်ပေါ်နေပေသည်။ ထို့အတူ လေနှင့် ပတ်သက်၍လည်း လေမုန်တိုင်းအမျိုးမျိုးသည် အရှိန်ပြင်းစွာ မကြာခဏ ဖြစ်ပေါ်တိုက်ခတ်မှုကြောင့် နိုင်ငံအတော်များများတွင် ဘေးဒုက္ခကြုံတွေ့ခံစားနေကြရပေသည်။

သဘာဝဘေးအန္တရာယ်အမျိုးမျိုးအနက် စာရေးသူ အနေဖြင့် လေ့လာတင်ပြလိုသည်မှာ မိုးကြိုးပစ်ခြင်း အကြောင်းပင်ဖြစ်ပါသည်။ မိုးကြိုးပစ်ခြင်းကို ကလေး၊ လူကြီး ထိတ်လန့်ကြောက်ရွံ့ကြပါသည်။ မိုးကြိုးပစ်ခြင်းကို မဆိုထားနှင့် မိုးချုန်းသံကြားခြင်း၊ လျှပ်စီးလက်ခြင်း ကိုပင် ထိတ်လန့်ကြောက်ရွံ့ကြသည်။ ထိုကဲ့သို့ ကြောက်ရွံ့ခြင်းကြောင့်လည်း မိမိတို့၏လုပ်ရပ်၊ မိမိတို့၏စကား မှန်ကန်ကြောင်းကို တိုင်တည်ကျိန်ဆိုရာတွင် "ဘုရားစူး၊ မိုးကြိုးပစ်"၊ "နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ရချည်ရဲ့" စသည်ဖြင့် သုံးနှုန်းပြောဆိုကြသကဲ့သို့ မိမိတွင် အပြစ်ရှိသည်ကိုဝန်မခံဘဲ ဆင်ခြေပေးပြောဆိုသည့်အခါ "မိုးကြိုးပစ်တာ-ထန်းလက်နှင့်ကာ" စသည်ဖြင့် သုံးနှုန်းခဲ့ကြသည်ကိုလည်း လေ့လာသိရှိနိုင်ပေသည်။

ယခင်က နွေခေါင်ခေါင်မှာ မိုးမရွာဘူး၊ မိုးကြိုးမပစ်ဘူးဟု သိခဲ့ကြသော်လည်း ယခုအခါ ရာသီဥတု ဖောက်ပြန်ကာ ၂၀၁၁ ခုနှစ် မတ်လအတွင်းက မြန်မာပြည်အောက်ပိုင်းမှာ မိုးရွာသွန်းမှုကြောင့် နွေခေါင်ခေါင်၏ နွေလယ်ပိုင်းမှာ အနွေးထည်များဝတ်၍ နေခဲ့ကြရသည်။ နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ခဲ့မှုကြောင့် (၂-၃-၂၀၁၁) ရက်နေ့က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားငုတ်တိုကျေးရွာတွင် လူတစ်ဦးသေဆုံးခဲ့ပြီး (၂၆-၃-၂၀၁၁)ရက်နေ့က ပဲခူးမြို့နယ် ရှမ်းကြီးကျေးရွာတွင် လူတစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် ယခုနွေနှောင်းကာလအတွင်း အာရှတိုက်တွင် မိုးကြိုးပစ်မှုကြောင့် အောက်ပါဖော်ပြပါအတိုင်း ဘေးဒုက္ခရောက်ခဲ့ကြသည်ကို သိရှိနိုင်ပေသည်-

- (၂၁-၅-၂၀၁၁)ရက်နေ့ နံနက်ပိုင်းက အိန္ဒိယ နိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်မှာ မိုးသက်မုန်တိုင်းတွေကျပြီး မိုးကြိုးပစ်ခဲ့မှုကြောင့် လူ ၄၂ ဦးသေဆုံးခဲ့ပြီး လူ ၅၀ ဒဏ်ရာရရှိခဲ့သည်။
- (၂၃-၅-၂၀၁၁)ရက်နေ့နံနက်ပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရိုင်နှစ်ခုမှာ မိုးကြိုးပစ်မှုကြောင့် လူ ၁၀ ဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရရှိခဲ့ပါသည်။
- မြန်မာနိုင်ငံအနေဖြင့် မတ်လအတွင်းမှာ နှစ်ကြိမ်၊ မေလအတွင်းမှာ ၁၀ ကြိမ် မိုးကြိုးပစ်ခဲ့ပြီး သေဆုံးသူ ၁၀ ဦး၊ ဒဏ်ရာရရှိသူ ခုနစ်ဦး၊ နွားနှစ်ကောင်သေဆုံးကာ မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ပါသည်။ ဇွန် ၁ ရက်တွင် တစ်ဦး သေဆုံးခဲ့ပါသည်။

ထိုသို့မိုးကြိုးပစ်ခံရခြင်းမှ ရှောင်ကြဉ်နိုင်စေရန် အလို့ငှာ မိုးကြိုးအဘယ်ကြောင့်ပစ်ရသည်ကို လေ့လာတင်ပြရခြင်းဖြစ်ပါသည်။

လျှပ်စီးလက်ခြင်း၊ မိုးချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း

အလွန်ပူပြင်းသည့်အခါ လေထုမငြိမ်မသက်ဖြစ်ခြင်း၊ နွေကာလ၏နောက်ဆုံးပိုင်းနှင့် မုတ်သုံလေမဝင်ရောက်မီ ကာလအတွင်း အရှေ့မြောက်မှလာသည့် လေနှင့် အနောက်တောင်ဘက်မှ တိုက်သည့်လေတို့သည် မျက်နှာချင်းဆိုင် တိုက်ခတ်မှုကြောင့် လေကြောင်းနှစ်ခုဆုံတွေ့သည့် နေရာအနီးတစ်ဝိုက်မှာ လေထုမငြိမ်မသက်ဖြစ်ခြင်း တို့ကြောင့် လေများ အပေါ်သို့ထိုးတက်ရာမှ မိုးတိမ်တောင်ကြီးများ တန်းစီဖြစ်ပေါ်ပြီး တိမ်တိုက်ကြီးများ အတွင်း လေထုနှင့် မိုးရေပေါက်တို့ ပွတ်တိုက်မှုဖြစ်ပေါ်ကာ တည်ငြိမ်လျှပ်စစ်များ ဖြစ်ပေါ်လာပါသည်။

ထိုတည်ငြိမ်လျှပ်စစ်ကြောင့် တိမ်ထုအတွင်း လျှပ်စစ်အဖို၊ လျှပ်စစ်အမများ စုမိကြပြီး လျှပ်စစ်စီးဆင်းကာ ကြီးမားသည့် အပူဖြစ်ပေါ်ရာမှ တောက်ပသည့် လျှပ်စီးလက်ခြင်း၊ ကြီးမားသည့်အပူကြောင့် လေထုပွကာ ဆူညံသည့်အသံလှိုင်းများဖြစ်ပေါ်ပြီး မိုးချုန်းသည့်အသံများ ကြားရခြင်းဖြစ်သည်။

မိုးကြိုးပစ်ခြင်းမှာ ရွေ့လျားနေသည့်တိမ်တိုက်ကြီးများ အတွင်းတွင် လျှပ်စစ်အဖိုအမများသည် တိမ်တိုက်အချင်းချင်းသော်လည်းကောင်း၊ မြေပြင်၊ မြေပြင်ရှိ အဆောက်အအုံ၊ သစ်ပင်များဆီသို့လည်းကောင်း ကြီးမားသော လျှပ်စစ်စီးဆင်းခြင်းကို မိုးကြိုးပစ်ခြင်းဟု ခေါ်ကြခြင်းဖြစ်သည်။

မိုးကြိုးပစ်ခြင်းမှ သတိထားကာကွယ်ခြင်း

ထို့ကြောင့် မိမိတို့သည် မိုးကြိုးပစ်မခံကြရစေရန် ကွင်းပြင်၊ ကွင်းစပ်ရှိ အဆောက်အအုံ၊ မြင့်မားသည့် အဆောက်အအုံထိပ်၊ သစ်ပင်ကြီးများအောက်တို့တွင် နေထိုင်ခြင်းမှ ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။ ကွင်းပြင်တွင် မိမိမတ်တတ်ရပ်နေပါက မိမိသည် အမြင့်ဆုံးဖြစ်မည်။ အကယ်၍ ထီးဆောင်းထားပါက ထီး၏ထိပ်ဖျားသည် အမြင့်ဆုံးဖြစ်သည်။ ထို့အတူ ကွင်းပြင်တွင် လျှပ်စစ်အလွယ်တကူစီးနိုင်သော ရွှေ၊ ငွေ၊ သတ္တုပစ္စည်းများဖြစ်သည့် ထမင်းချိုင့်၊ ဒန်အိုး ဒန်ခွက်၊ သံနှင့် ပြုလုပ်ထားသည့် လယ်ယာသုံးပစ္စည်းများကို ကိုယ်နှင့်အတူ မထားသင့်ဘဲ ရှောင်ကြဉ်သင့်ပါသည်။

မိမိသည် လျှပ်စီးလက်သည်ကို မြင်လိုက်သည့်အတွက် မိမိကံကောင်းပြီ၊ မိမိကို မိုးကြိုးပစ်မခံရဟု မှတ်ယူနိုင်ပြီဖြစ်သည်။ လျှပ်စီးလက်သည်ကို မြင်ပြီးမှ ဝပ်ချခြင်းသည် မလိုအပ်ပေ။ အမှန်တကယ် မိုးကြိုးပစ်ပါက အလင်းရောင်နှင့်အသံ တစ်ပြိုင်တည်း ကျရောက်ပြီး မိမိအား အန္တရာယ်ရှိမည်ဖြစ်သည်။

ထို့ကြောင့် မိုးကြိုးပစ်ခြင်းမှ ကာကွယ်ရန် မြင့်မားသည့် အဆောက်အအုံများ၊ ဘုရားစေတီပုထိုးများမှာ ကြေးချောင်းများဖြင့် ပြုလုပ်သည့် မိုးကြိုးလွှဲများ လုံလောက်စွာ ပြုလုပ်ထားကြသည်။ လောင်စာဆီသယ်ဘောက်ဆာများတွင် သံကြိုးတစ်ချောင်းကို ကားလမ်းနှင့်ထိအောင် တွဲလောင်းချထားခြင်းမှာ မိုးကြိုးလွှဲ ဆောင်ရွက်ထားခြင်းဖြစ်သလို တည်ငြိမ်လျှပ်စစ်ပေါ်ပေါက်ခြင်းမှလည်း ကာကွယ်ထားခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မိုးကြိုးပစ်ခြင်းသည် မိုးဦးနှင့် မိုးနှောင်းတွင်ဖြစ်နိုင်သည်ဟု ဆိုသော်လည်း ယခုအခါ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လျက်ရှိရာ ပြည်သူများအနေဖြင့် သွားလာနေထိုင်ကြရာတွင် သတိပြုနိုင်ကြစေရန် အလေးထား တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် မိုးကြိုးပစ်မှုများ

စဉ်	ရက်စွဲ	မြို့နယ်	ရပ်ကွက်/ကျေးရွာ	ပစ္စည်း	လူ		တိရစ္ဆာန်
					သေ	ဒဏ်ရာ	သေ
၁	၂-၃-၁၁	ပဲခူးမြို့နယ်	ဘုရားငုတ်တိုကျေးရွာ		၁	-	
၂	၂၆-၃-၁၁	ပဲခူးမြို့နယ်	ရှမ်းကြီးကျေးရွာ		၁	၁	
၃	၁၅-၅-၁၁	ကဝမြို့နယ်	ပေါက်ကုန်းကျေးရွာ		၁	-	
၄	၁၇-၅-၁၁	ကျောက်တံခါးမြို့နယ်	ယင်းဒိုက်ကုန်းကျေးရွာ		၁	-	
၅	၁၉-၅-၁၁	ဖြူးမြို့နယ်	ညောင်ပင်သာကျေးရွာ		၁	-	
၆	၂၀-၅-၁၁	ကျောက်တံခါးမြို့နယ်	ကုန်းလည်ရိုးကျေးရွာ		၁	-	နွား-၁
၇	၂၂-၅-၁၁	ထန်းတပင်မြို့နယ်	ပျဉ်တန်းကျေးရွာ		၁	-	
၈	၂၂-၅-၁၁	ညောင်လေးပင်မြို့နယ်	မင်္ဂလာကုန်းကျေးရွာ		၂	-	
၉	၂၃-၅-၁၁	တောင်သာမြို့နယ်	အောင်သာကျေးရွာ		၁	၃	
၁၀	၂၃-၅-၁၁	သဲကုန်းမြို့နယ်	ရွှေလဲသဲကုန်းကျေးရွာ		၁	၁	နွား-၁
၁၁	၂၄-၅-၁၁	အင်းစိန်မြို့နယ်	တညင်းကုန်းအုတ်စက်	ထရန်စဖော်မာ	-	-	
၁၂	၃၀-၅-၁၁	ဖျာပုံမြို့နယ်	မှော်ဝင်စုကျေးရွာ		၁	၃	
၁၃	၁-၆-၁၁	ကျောက်တံခါးမြို့နယ်	တောင်ပေါ်ရွာ		၁	-	
			စုစုပေါင်း	၁	၁၃	၈	၂

ပညာဂုဏ်ရောင် အလင်းဆောင်

သုတစာကြည့်တိုက်ဖွင့်ပွဲ နမ့်စန်၌ ကျင်းပ

နမ့်စန် ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာအုပ်စု မိုင်းစိတ်ကျေးရွာ၌ သုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းလှိုင်နှင့် မိုင်းစိတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးက မဂ္ဂဇင်းနှင့် စာစောင်များ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်များနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်များနှင့် စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မိုင်းစိတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မိုင်းစိတ် အထကမှ ဆရာ၊ ဆရာမများနှင့် အလှူရှင်များက စာကြည့်တိုက်ရန်ပုံငွေအတွက် အလှူငွေ ကျပ်တစ်သိန်းအား ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာအောင်က လက်ခံရယူသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံမှာ နိုင်ငံတော်မတည်ငွေ ၁၀ သိန်း၊ ဒေသခံပြည်သူလူထု ထည့်ဝင်ငွေ ၁၆ သိန်း စုစုပေါင်း ကုန်ကျငွေ ၂၆ သိန်း တန်ဖိုးရှိ အလျား ၂၄ ပေ၊ အနံ ၁၆ပေ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ကြောင်း သိရသည်။ (၆၆၇)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ပိတောက်ခြံကျေးရွာ ရွှေပိတောက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် တိုင်းဒေသကြီးမှ တာဝန်ရှိသူများ စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၄ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ မျိုးချစ်တပ်မတော်
၄:၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၂၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၇။ လျှပ်တစ်ပြက်
၄:၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင့်ပြင်အပိုင်း (၂၀)**
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၃။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆:၂၅ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၆)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ သီချင်းလက်ဆောင်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ်(အပိုင်း-၂၁)**
၂၆။ Mini Series

လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ရည်ရွယ်ဆောင်ရွက် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိစေရေး အလေးထား

နေပြည်တော် ဇူလိုင် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံးသို့ ရောက်ရှိစစ်ဆေးရာ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ညွှန်ကြားရေးမှူး ဦးချစ်မြက တိုင်းဒေသကြီး၏ ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့် အရာထမ်းများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဌာန၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဌာနတာဝန်ခံများအနေဖြင့် လျာထားချက်ပြည့်မီကျော်လွန်သည်ဟူသော အခြေအနေတွင် တင်းတိမ်ရောင့်ရဲမနေဘဲ ဌာနအလိုက် ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိစေရေး အလေးထား ဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင် နောင်ချိုမြို့ပြည်သူ့ဆေးရုံ၌ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ အသုံးပြုနိုင်ရန် ထုတ်လုပ်သူများက လှူဒါန်းသော တိုင်းရင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်သည် ဇူလိုင် ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သားဖွားသင်တန်းကျောင်းနှင့် ပြင်ဦးလွင်မြို့ ဝက်ဝံတိုက်နယ်ဆေးရုံတို့၌ ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းသားများနှင့် ဒေသခံပြည်သူများအား လည်းကောင်း၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ် အုမ္မခါးကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအားလည်းကောင်း ၊ နောင်ချိုမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်၊ ဆရာဝန်များ၊ သူနာပြုများ၊ တိုင်းရင်းဆေးကုဌာနမှ တာဝန်ခံများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံဝန်ထမ်းများနှင့် လည်းကောင်း၊ ကျောက်မဲပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံပြီး ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲများ၌ အသုံးပြုနိုင်ရန် ထုတ်လုပ်သူများ လှူဒါန်းသော တိုင်းရင်းဆေးဝါးများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၆ ရက်တွင် သီပေါမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်၊ ဆရာဝန်များ၊ သူနာပြုများ၊ တိုင်းရင်းဆေးကုဌာနမှ တာဝန်ခံများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအားလည်းကောင်း၊ လားရှိုးမြို့နယ် နောင်မွန် ကျေးလက်ကျန်းမာရေးဌာန၌ ကျန်းမာရေး ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား လည်းကောင်း၊ လားရှိုးပြည်နယ်ဆေးရုံ၌ ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအား လည်းကောင်း တွေ့ဆုံကာ ပြည်သူ့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲများ၌ အသုံးပြုနိုင်ရန် တိုင်းရင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ လားရှိုးမြို့ သူနာပြု/သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများ၊ သူနာပြုဌာနမှူးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ ခရိုင်တိုင်းရင်းဆေးကုဌာနနှင့် ကျောက်မဲမြို့ရှိ ခရိုင်တိုင်းရင်းဆေးကုဌာနတို့သို့ သွားရောက်၍ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုအတွင်း မြို့ပြမှ ကျေးလက်ဒေသအထိ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဒုတိယဝန်ကြီးက ပြည်သူလူထု၏ အားကိုးယုံကြည်မှုရရှိသော ကျန်းမာရေးပညာရှင်များ၊ ကျန်းမာရေးစောင့်ရှောက်ရာ ဌာနများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဂုဏ်ယူထိုက်သော ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြရန် ဆေးရုံများနှင့် ကျန်းမာရေးဌာနများ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားခဲ့သည်။

(သတင်းစဉ်)

ချင်းတွင်းတံတား(မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၁၈

ချင်းတွင်းတံတား(မုံရွာ)ရေလမ်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄) အကြားမှ သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများသည့်ကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၂ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့်(၄) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃) အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသ၍ ညအခါ မီးထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေ ပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်၌ ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲ ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာ၌ ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ်၌ဖွံ့ဖြိုးဝေစည်

တောင်ကြီးမြို့ မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင် ဗိုလ်ချုပ်ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

လောင်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်းရှိ ပျိုးပင်များအား ပြောင်းရွှေ့နေရာချထား စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင်ဆိုင်းဘုတ်အနီး သာယာလှပစေရေးအတွက် ပေါင်းမြက်များရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးမြင့်ဝေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် အဖွဲ့ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ ဗိုလ်ချုပ်ဈေးအတွင်း သန့်ရှင်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းမိသားစုများအတွက် ဖြည့်ဆည်းထောက်ပံ့ပေးရန် လိုအပ်သည်များကို ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများ၏ပညာရေး၊ ကျန်းမာရေးကဏ္ဍများကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးရန် ရည်ရွယ်ထားကြောင်း၊ သို့ဖြစ်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကလည်း မိမိတို့ကျရာတာဝန်ကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းထူးချွန်ဆုနှင့် ပညာရည်ထူးချွန်ဆုရရှိကြသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို သက်ဆိုင်ရာတာဝန်ရှိသူများအားလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်း ၁၀ ဦးကိုယ်စား ဝန်ထမ်းတစ်ဦးအားလည်းကောင်း၊ သင်တန်းထူးချွန်ဆု ရရှိသူတစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိသူတစ်ဦးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူတစ်ဦးအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

ဆုများပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်မေစိုးက ငါးဘာသာဂုဏ်ထူးရရှိကြသူ ငါးဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ဇနီးတို့က လေးဘာသာဂုဏ်ထူးရရှိကြသူ ၁၀ ဦးအားလည်းကောင်း ဆုများကို ပေးအပ်ကြသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိကြသူများနှင့် မိသားစုဝင်များသည့် ဝန်ထမ်းများအား ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၁၈

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားရေလမ်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂)အကြားမှ သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများသည့်ကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၂ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့် (၁၁)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၉)နှင့် (၁၀)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်တိုင်အကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာ၌ ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့ပေါ် ခြောက်ရပ်ကွက်ရှိ ရေမြောင်းများ အရှည်ပေ ၁၂၀၀၊ အကျယ် ၄ ပေ၊ အနက် ၃ ပေအား မြေကော်စက်ဖြင့် တူးဖော်ဆောင်ရွက်နေမှုကို ဇူလိုင် ၈ ရက်က အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ်သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

လားရှိုး ဇူလိုင် ၁၈

လားရှိုးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၈ ရက်က လားရှိုးမြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန (မြောက်ပိုင်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က တက်ရောက်အမှာစကား ပြောကြားသည်။

မြို့နယ်ဖွဲ့စည်းရေးကော်မရှင်ဥက္ကဋ္ဌ သမဝါယမဦးစီးအရာရှိဒေါ်နန်းခမ်းမှတ်နှင့် ကော်မရှင်အဖွဲ့ဝင်များက ယင်းအသင်းအတွက် အမှုဆောင်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ အမှုဆောင်ခုနစ်ဦးနှင့် အသင်းသား စာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ (၅၇၆)



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြင်းခြံပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မြင်းခြံမြို့ရှိ ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room အတွင်း Control Panel များ၊ Switch Gear Panel များနှင့် Protection Relay များကိုလည်းကောင်း၊ Switch Yard အတွင်း သာစည်-မြင်းခြံ ဓာတ်အားလိုင်းမှ ဓာတ်အားလက်ခံပြီး မြင်းခြံ-ညောင်ဦးခရိုင်အတွင်း တည်ဆောက်ပြီးဖြစ်သည့် လောကနန္ဒာ၊ သူကောင်းတည်၊ ကျောက်တူး၊ ငါ့သရောက်၊ ကျောဇီ၊ ဆိတ်ညံ၊ စွန်းလွန်း၊ ဆီမီးခုံ ၁၊ ဆီမီးခုံ ၂ နှင့် ဆီမီးခုံ ၃ တိုးချဲ့၊ ရွာသစ်၊ ကျောက်တစ်လုံး အစရှိသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ၁၁ ခု၊ စက်မှုဇုန်များနှင့် အနီးပတ်ဝန်းကျင်မြို့များသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း၊ ထရန်စဖော်မာများနှင့် Gas Circuit Breaker များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းခြံခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံဆောင်ရွက်ကြရေး၊ လျှပ်စစ်နှင့်ပတ်သက်၍ ပြည်သူတို့၏ လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ ပြည်သူကိုအကျိုးပြုသော ဝန်ထမ်းများဖြစ်ရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ရုပ်ရှင် အနုပညာရပ်ဝန်း | အောဝမ်းစိုး

ဂျနီဖာလိုပက်ဇ်နှင့် မက်အန်ထော်နီတို့ လမ်းခွဲ

ကမ္ဘာကျော် အဆိုတော် သရုပ်ဆောင် ဟောလိဝုဒ်မင်းသမီးချော ဂျနီဖာလိုပက်ဇ်နှင့်မက်အန်ထော်နီ**(ယာပုံ)**တို့၏အိမ်ထောင်ရေးသည် ခုနစ်နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ပွဲအပြီး တစ်လကျော်အကြာတွင် တရားဝင်ကွာရှင်းပြတ်စဲလိုက်ပြီ ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကောလာဟလသတင်းများ အဆိုအရ ဤကွာရှင်းပြတ်စဲမှု၏ အခြေခံအကြောင်းရင်းမှာ American Idol အစီအစဉ်၏ ဒုတိယရာသီကာလ အစီအစဉ်သို့ ဂျနီဖာလိုပက်ဇ် ပြန်လည်ပါဝင်ခြင်းကို မက်အန်ထော်နီက သဘောမတူဘဲ မိသားစုကို ပိုမိုအချိန်ပေးရန် လိုလားရာမှ သဘောထားကွဲလွဲခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

လာမည့် ဇူလိုင် ၂၄ ရက်တွင် အသက် (၄၂) နှစ်ပြည့်မည့် ဂျနီဖာက "ကျွန်မတို့အိမ်ထောင်ရေးကို အဆုံးသတ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ဒီဆုံးဖြတ်ချက်ချနိုင်ဖို့ အတော်ခက်ခဲခဲ့ပါတယ်၊ ကျွန်မတို့ရဲ့ သင့်မြတ်မှုတွေ နိဂုံးချုပ်သွားခဲ့ပြီး အားလုံးအတွက်တော့ စိတ်ထိခိုက်စရာအချိန်တစ်ခုပါပဲ"ဟု ထုတ်ဖော်ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် ၂၀၀၄ ခုနှစ် ဇွန်လတွင် လက်ထပ်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် မက်စ် နှင့် အမ်မီ အမည်ရှိ အမြွှာသားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့သည်။

ဤအိမ်ထောင်ရေး ပြိုကွဲခြင်းသည် ဂျနီဖာအတွက် တတိယအကြိမ်

အိမ်ထောင်ရေးပြိုကွဲခြင်းဖြစ်ပြီး မက်အန်ထော်နီအတွက်မူ ဒုတိယအကြိမ် အိမ်ထောင်ရေးပြိုကွဲခြင်းပင်ဖြစ်သည်။

ဂျနီဖာ၏ ပထမအိမ်ထောင်မှာ အိုဂျနီနိုအာအမည်ရှိ အမျိုးသားနှင့် ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် လက်ထပ်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဇန်နဝါရီလတွင် ကွာရှင်းခဲ့ကြသည်။ ဒုတိယအိမ်ထောင်ဘက် ခရစ်ဂျက်ဒ်နှင့် ၂၀၀၁ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် လက်ထပ်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဇွန်လတွင် ကွာရှင်းခဲ့သည်။

မက်အန်ထော်နီ၏ ပထမအိမ်ထောင်ဘက်မှာ မယ်ကမ္ဘာဟောင်း ဒါရန်နေရာတောရက်စ်ဖြစ်ပြီး သူမနှင့် သားနှစ်ဦး ထွန်းကားခဲ့သည်။ မက်အန်ထော်နီသည် ဒါရန်နေရာနှင့် ကွာရှင်းပြတ်စဲအပြီး လေးရက်အကြာတွင် ဂျနီဖာလိုပက်ဇ်နှင့် လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ **အင်တာနက်။**

ပြည်သူအများစု၏ အကျိုးစီးပွား တိုးတက်မြင့်မားစေရန်

စိတ်တူကိုယ်တူ သဘောထားတူသူများအား အစုအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်စေမည်

နေပြည်တော်　　ဇူလိုင်　　၁၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီဝင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်၊ ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဆုတောင်းပြည့်ဘုရားကြီးဓမ္မာရုံ၌ နှစ်ရှည်သီးနှံစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းလုပ်ကိုင်ကြသူများ၊ မြို့နယ်သမဝါယမအသင်းစု အသင်းသားများ၊ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သမဝါယမလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နေကြသူများနှင့် တွေ့ဆုံပြီး လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်းဖွဲ့စည်းရေး၊ ရော်ဘာတစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသူများအား အစုအဖွဲ့များ ဖွဲ့စည်း၍ သမဝါယမကဏ္ဍမှ အရင်းအနှီးငွေကြေး၊ နည်းပညာကူညီပေးမည့် အစီအစဉ်များနှင့် တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မွေးမြူရေးသမားများ၊ ရေလုပ်ငန်းလုပ်ကိုင်နေသူများ၊ ဈေးသူဈေးသားများ၊ လက်လုပ်လက်စားများအား အစုအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ သမဝါယမဘဏ်လီမိတက်သို့ ရောက်ရှိ၍ခေတ်မီ အီလက်ထရွန်နစ် နည်းပညာများဖြင့် E- Banking လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ငွေကြေးကိစ္စများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများအတိုင်း ဆောင်ရွက်သွားကြရန်၊ ငွေစုငွေချေးအသင်းများနှင့် ဘဏ်လုပ်ငန်းစနစ်လျင်မြန်ထိရောက်စွာဖြင့် ပြည်သူများအား သမဝါယမဘဏ်ခွဲအသီးသီးမှ အထောက်အပံ့ပြုနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့်အတူ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရော်ဘာနှင့်နှစ်ရှည်သီးနှံစိုက်ပျိုးသူများ၊ ဥယျာဉ်ခြံသစ်သီးဝလံစိုက်ပျိုးသူများ၊ တောင်သူလယ်သမားများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းစုချုပ်၊ အသင်းစု၊ အသင်းသားများနှင့် သမဝါယမလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသူများအား တွေ့ဆုံ၍ လက်တွေ့ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ လုပ်ငန်းအလိုက် အစုအဖွဲ့များဖွဲ့စည်း၍ နည်းပညာ အကူအညီ၊ ငွေကြေးအရင်းအနှီးအကူအညီ၊ ဈေးကွက်ရရှိရေး သမဝါယမနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန် နိုင်ငံတော်က နည်းပညာပိုင်းနှင့် ငွေကြေးလုပ်ငန်းရှင်များ စည်းရုံးဆောင်ရွက်ပေးနေမှုအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြည်သူလူထုအများစု၏ အကျိုးစီးပွား တိုးတက်မြင့်မားလာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း(၈)ရပ် အောင်မြင်နိုင်စေရန် လုပ်ငန်းများကို စိတ်တူကိုယ်တူ သဘောထားချင်းတူညီသော ပြည်သူလူထုများအား အစုအဖွဲ့အလိုက် ပူပေါင်းဆောင်ရွက်စေမည်ဖြစ်ပြီး သမဝါယမဝန်ကြီးဌာနအနေဖြင့် အရင်းအနှီးငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ရရှိရေးတို့ကို အထောက်အပံ့ပြု ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်က အကြံပြုဆွေးနွေးသည်။

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းစုချုပ်၊ အသင်းစုမှ အသင်းသားများနှင့် သမဝါယမလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ၊ သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့ ဦးဆောင်၍ တက်ရောက်လာသည့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများနှင့်ပူးပေါင်းကာ ကဏ္ဍတူမျိုးတူစု အစုအဖွဲ့များ၊ ငွေစုငွေချေးအသင်းများကို တစ်မြို့လျှင်အသင်းစုတစ်စုနှင့် အသင်းခွဲများ တစ်ပြိုင်နက် ဖွဲ့စည်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မော်လမြိုင်မြို့ရှိ သမဝါယမသင်တန်းကျောင်းနှင့် သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းတို့သို့ သွားရောက်၍ သင်တန်းများ ဖွင့်လှစ်သင်ကြားမှု၊ စာသင်ခန်းမ၊ ကွန်ပျူတာခန်းမ၊ သင်ထောက်ကူပစ္စည်းများနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရနှင့် ဝန်ထမ်းများ တက်ညီလက်ညီဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများ ယဉ်ကျေးမှု ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဇူလိုင်　　၁၈

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ရာနှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တို့သို့ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ သွားရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် အမျိုးသားစာကြည့်တိုက်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အောက်မှ အရာထမ်းများနှင့် တွေ့ဆုံကာ ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေးအတွက် တာဝန်ရှိသူအားလုံးက ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာကြားသည်။ ထို့နောက် အမျိုးသားစာကြည့်တိုက်၌ ထိန်းသိမ်းစုဆောင်းထားသည့် စာအုပ်စာတမ်းများအား Digitization လုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

စာပေဗိမာန်စာမူဆုတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော စာမူဆု ချီးမြှင့်မည်

ရန်ကုန်　　ဇူလိုင်　　၁၈

မြန်မာစာပေ နိုင်ငံတကာသို့ ဖြန့်ကြက်ပျံ့နှံ့နိုင်ရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် မိမိနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိရှိနိုင်ရန်နှင့် ဘာသာစကားကျွမ်းကျင်မှုဖွံ့ဖြိုးစေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၁၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုမှ စတင်လျက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသောစာမူဆု တစ်ဆုကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော စာမူဆုအတွက် မြန်မာနိုင်ငံသားက အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော မြန်မာသမိုင်း၊ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ (သုတ၊ ရသ) စာမူဖြစ်ရမည်ဖြစ်သည်။ ရေးသားပေးပို့ယှဉ်ပြိုင်ကြသော စာမူများမှ အကြောင်းအရာနှင့် အရေးအသားအရ အကောင်းဆုံးစာမူဆု တစ်ဆုကို စိစစ်ရွေးချယ် ချီးမြှင့်မည်ဖြစ်သည်။ စာမူပေးပို့ ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို စာပေဗိမာန်တွင် လာရောက်ဝယ်ယူ၍ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နောက်ဆုံးထားလျက် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ စာပေဗိမာန်ရုံး အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို အတွင်းရေးမှူး ဖုန်း-၀၁-၃၇၆၅၆၉ နှင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၁-၂၄၉၂၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကျောဖုံးမှ

ထဲတွင် နှန်းမြေထည့်၍ အစေ့ချပျိုးထောင်ရသည်။ အစေ့နှစ်စေ့၊ သုံးစေ့ထည့်ရသည်။ မျိုးစေ့နို့ဆီဘူး ခြောက်ဘူးပျိုးလျှင် အပင်ရေ ၅၀၀၀ ပေါက်သည်။ ပျိုးပင်ပျိုးအိတ် အပင် ၅၀၀၀ ပျိုးရာ အသားတင် အပင်ပေါက် ၄၀၀၀ ရှင်သန်ဖြစ်ထွန်းသည်။

ပြောင်းရွှေ့စိုက်ပျိုး

ပျိုးပင်များကို နှစ်လသားအရွယ် သုံးလက်မခန့် အမြင့်ရှိလာသောအခါ အကျယ်တစ်ပေ၊ အနက် တစ်ပေ ကျင်းများတွင် မြစ်သာမြစ် နှန်းမြေကို ထည့်၍ ပြောင်းရွှေ့စိုက်ပျိုးရသည်။ စိုက်ကျင်းတစ်ကျင်းကို လေးပေခွာ၍ စိုက်သည်။ မြေအစိုဓာတ်မီရန် သီတင်းကျွတ်လအတွင်း၌ အပြီးစိုက်ရသည်။ စိုက်ကျင်းတစ်ကျင်းကို တစ်ပင်သာထား၍ စိုက်သည်။

ရေလောင်းပေး

စိုက်ပြီး တစ်နှစ်ကြာသောအခါ သနပ်ခါးပင်များမှာ လူတစ်ရပ်ခန့် မြင့်လာသည်။ ငါးပေ၊ ခြောက်ပေ မြင့်လာသည်။ နှစ်နှစ်သားအရွယ်၌ ၁၀ ပေခန့်မြင့်လာသည်။ နှစ်နှစ်သားအရွယ်တွင် လုံးပတ်သည် တစ်လက်မပိုက်လုံးခန့်အရွယ်ရှိလာသည်။ သနပ်ခါးပင်များ အစဉ်ရှင်သန်စေရန် နေ့စဉ် နံနက်ခင်း၌ ရေလောင်းပေးရသည်။ သနပ်ခါးပင်များကြား လေဝင်လေထွက် ကောင်းစေရန် မြက်ခုတ်ပေါင်းရှင်းပေးရသည်။

သနပ်ခါးပင်များ စတင်စိုက်ပျိုးချိန်တွင် ကြားပင်များအဖြစ် ပန်းမုန်လာ၊ ကြက်သွန်၊ ဆလတ်၊ မေမြို့ပန်း စသည့် အပင်များကို သနပ်ခါးပင်လေးများ အရိပ်ရစေရန် လေကာပင်များအဖြစ် စိုက်ပျိုးသည်။ နှစ်ရှည်ပင်ကြား ရာသီပင်ရော ညှပ်စိုက်ပျိုးခြင်း ဖြစ်သည်။

ယခုအခါ ခြောက်နှစ်သား သနပ်ခါးပင်များမှာ ပေ ၂၀ ခန့် မြင့်မားနေကြပြီဖြစ်သည်။ လုံးပတ်မှာ ခြေသလုံး၊ ပေါင်လုံးအရွယ်ရှိနေကြပြီ။ နောက် လေးနှစ်ဆိုလျှင် ခုတ်ရောင်း၍ရပြီဟု သိရသည်။ ၁၀ နှစ်သားအရွယ် သနပ်ခါးတစ်ပင်ကို ခုတ်ရောင်းပါက ငွေကျပ် ခုနစ်သောင်းမှ ရှစ်သောင်းအထိ ရရှိသည်ဟု သိရသည်။

ကလေးမြို့နယ် တောင်ပိုင်း ဆည်တောရွာ၌လည်း သနပ်ခါးပင်များ စိုက်ပျိုးထားရာ ရှစ်နှစ်သားအရွယ်အထိ ရောက်နေကြပြီ။ တစ်ပင်တစ်ပင် ခုတ်ရောင်းရာ (အပင်ပြတ်) တစ်ပင် ငွေကျပ် ရှစ်သောင်းရရှိသည်ဟု သိရသည်။ ဆည်တောရွာမှာ မြောင်းချောင်းကမ်းနံဘေး အင်တိုင်းမြေဖြူဖြူ၌ စိုက်ပျိုးထားခြင်းဖြစ်သည်။

ပခုက္ကူရှင်မတောင်သနပ်ခါးတို့ကား ကလေးနယ်၌ ဈေးကွက်ဝင်နေကြပါပြီ။ အောင်မြင်ဖြစ်ထွန်းနေကြပါပြီ။ စနစ်တကျ စိုက်ပျိုးဖို့သာလိုပါတော့သည်။ ။

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နာယက ဦးမြညွှန့် ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ဖြိုးပြည့်စုံအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၉ ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယကများက နှစ် (၅၀)တိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြစဉ်။

(ကြေးမုံ)

✲မုတ်သုံရာသီမှ

ပင်လယ်ဓားပြများ သောင်းကျန်းလျက်ရှိသဖြင့် စက်ရုပ်များ ဖြန့်ကြက်ရေးလုပ်ငန်းအတွက် အကူအညီပေးရန် ဩစတြေးလျနှင့် အမေရိကန် ရေတပ်တပ်ဖွဲ့များအား မေတ္တာရပ်ခံထားကြောင်း ဩစတြေးလျ အမျိုးသားသိပ္ပံအေဂျင်စီဖြစ်သော ဓနသဟာယသိပ္ပံနှင့် စက်မှုသုတေသနအဖွဲ့က ပြောကြားသည်။

ဩစတြေးလျနှင့် ဗြိတိသျှသိပ္ပံပညာရှင်များ ထုတ်လုပ်ထားသော ရာသီဥတုလေ့လာရေးစက်ရုပ်များကို လာမည့် ခြောက်လတာ ကာလအတွင်း ဩစတြေးလျနှင့် အမေရိကန်ရေတပ်တပ်ဖွဲ့များက အိန္ဒိယသမုဒ္ဒရာအတွင်း ဖြန့်ကြက်ပေးမည်ဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာအတွင်း ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေကို လေ့လာမည့် အရေးပါသော သိပ္ပံစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဓနသဟာယသိပ္ပံနှင့် စက်မှုသုတေသနအဖွဲ့မှ အထက်တန်းသိပ္ပံပညာရှင် အန်းထရက်ရှာက ပြောကြားသည်။

ဩစတြေးလျနှင့် တောင်အာရှဒေသတို့၌ မုတ်သုံမိုးရွာသွန်းမှုအခြေအနေနှင့် အနောက်တောင် မုတ်သုံရာသီလေတိုက်ခတ်မှု အခြေအနေတို့နှင့် ပတ်သက်၍ သိပ္ပံသတင်းအချက်အလက်များကိုရယူကာ လေ့လာသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မုတ်သုံမိုး၊ မုတ်သုံလေတို့နှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ခြင်းကြောင့် ဒေသဆိုင်ရာ တောင်သူလယ်သမားများအတွက် အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။

သိပ္ပံပညာရှင်များ၏ အစီအစဉ်အရ အလျား နှစ်မီတာခန့် (၆ဒသမ၅ပေ)ရှိ စက်ရုပ်များသည် အိန္ဒိယသမုဒ္ဒရာအတွင်း ၁၀ ရက်ကြာကာလတွင် မီတာ ၁၀၀၀အထိ မျောပါသွားရန်၊ ယင်းနောက်တွင် သမုဒ္ဒရာမျက်နှာပြင်အောက် ၁ ဒသမ ၅ မိုင် (နှစ်ကီလိုမီတာ) အထိ ငုပ်လျှိုးကာ သိပ္ပံသတင်းအချက်အလက်များရယူရန်၊ ထိုမှတစ်ဆင့် ပင်လယ်မျက်နှာပြင်ပေါ်သို့ စက်ရုပ်များ ပြန်လည်တက်လာကာ သိပ္ပံ သတင်းအချက်အလက်များကို ဂြိုဟ်တုများထံ ပေးပို့ပေးရန်ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် ဆားငန်ရည်ပါဝင်မှုနှုန်းတို့ကဲ့သို့ မုတ်သုံမိုးရွာသွန်းမှုအတွက် အရေးပါသော သိပ္ပံသတင်းအချက်အလက်များကို သိပ္ပံပညာရှင်များက အချိန်နှင့် တစ်ပြေးညီရယူကာ သုတေသနပြုလုပ်သွားမည်ဖြစ်သည်။

အင်တာနက်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မြို့နယ်ပေါင်းစုံသိုင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဖလားရရှိသော မင်္ဂလာဒုံမြို့နယ်အသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား သိုင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ သိုင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ သိုင်းဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဆုများပေးအပ်

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၄၀-၄၅)ကီလိုတန်း အမျိုးသားတစ်လက်အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် (၅၀-၅၅) ကီလိုတန်း အမျိုးသားလက်သိုင်းအတိုက်ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံ သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ရဲမှူးချုပ် သူရဘိုနီက ဓားသိုင်းအတိုက်ဆုရ အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းက လက်သိုင်းအတိုက်ဆုရ အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်က ဓားသိုင်းအတိုက်တံခွန်စိုက်ဆုဖလားရ တောင်ဥက္ကလာပမြို့နယ် အသင်းအား လည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက လက်သိုင်းအတိုက် တံခွန်စိုက်ဆုဖလားရ မင်္ဂလာဒုံမြို့နယ်အသင်းအား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက စွယ်စုံတံခွန်စိုက်ဆုဖလားရ မင်္ဂလာဒုံမြို့နယ်အသင်းအား လည်းကောင်း ဆုများပေးအပ်ကြသည်။

(သတင်းစဉ်)

(၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

၂၀၁၁ ခုနှစ် (၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသားအမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းအနေဖြင့် တစ်သင်းလျှင် မြန်မာ့လက်ရွေးစင်တစ်ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လက်ရွေးစင်သုံးဦးနှင့် အပြင်ကစားသမားနှစ်ဦး စုစုပေါင်းငါးဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ (သတင်းစဉ်)

ယှဉ်ပြိုင်ကစား

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(ခ)

ဆောက်လုပ်ရေးဝန်ကြီးဌာန ငါးဂိုး
(ဝန်လာဝမ်းနား-သုံးဂိုး၊ ဇန်ပွန်ကျုံးနှင့် ကျော်ဇင်ဝင်း)

စွမ်းအင်ဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်လူကြီး) ဦးသန်းတင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ဂ)

လယ်/ဆည်ဝန်ကြီးဌာန ကိုးဂိုး
(ချစ်စုပိုး၊ နေဝင်းထွန်း၊ ကျော်လွင်-နှစ်ဂိုးစီ၊ သူရကိုကို၊ သူရိန်ဝင်း၊ ကျော်သူစိုး)

သိပ္ပံ/နည်းပညာဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်လူကြီး) ဦးအောင်မျိုးသန့်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဂ)

ပို့ဆောင်ရေးဝန်ကြီးဌာန နှစ်ဂိုး
(စိုင်းကျော်သီဟ)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်လူကြီး)ဦးကျော်လွင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၀-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့) ပွဲစဉ်များ

အမှတ်(၁) နေပြည်တော်အားကစားကွင်း အုပ်စု(ဃ)
အလုပ်သမားနှင့် ပညာရေး

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(င)
နယ်စပ်ရေးရာနှင့် ဟိုတယ်ခရီး

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဃ)
သတ္တုတွင်းနှင့် သာသနာရေး

(၁၀၇)

ဂျပန်အမျိုးသမီးအသင်း သမိုင်းသစ်ရေးထိုးပြီး အာရှဂုဏ်ကိုဆောင်

ဘာလင် ဇူလိုင် ၁၈

၂၀၁၁ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဂျပန်အသင်းနှင့် ကမ္ဘာ့ဖလားနှစ်ကြိမ်ရရှိထားဖူးသည့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်အသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီး သမိုင်းသစ်ရေးထိုးကာ အာရှဂုဏ်ကို ဆောင်နိုင်ခဲ့သည်။

ယခု ဗိုလ်လုပွဲတွင် ပထမပိုင်း၌ အမေရိကန်အသင်း ဂိုးသွင်းခွင့် အမြောက်အမြား ရရှိခဲ့သော်လည်း ဂိုးပေါက်လွဲချော်နေခြင်းနှင့် ဂျပန်ဂိုးသမား အကောင်းဆုံးလက်စွမ်းပြနေခြင်းတို့ကြောင့် ဂိုးမရခဲ့ပေ။ ဒုတိယပိုင်း ၆၉ မိနစ်တွင် အမေရိကန်အသင်းမှ အဲလစ်မော်ဂန်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၈၀ တွင် ဂျပန်အသင်းမှ အေယာမီယာမာက ချေပဂိုးပြန်လည်သွင်းယူခဲ့၍ သာမန်ပွဲကစားချိန် မိနစ် ၉၀ မှာ တစ်ဖက်တစ်ဂိုးစီ သရေကျနေသည်။ ထို့ကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက် ကစားခဲ့ရာတွင်လည်း အမေရိကန် အသင်းမှ တိုက်စစ်မှူး ဝမ်ဘတ်ချ်က ပွဲချိန် ၁၀၄ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် အချိန်ပို မိနစ် ၃၀ ပြီးဆုံးရန် ၃ မိနစ်အလိုတွင် ဂျပန်အသင်းမှ အသင်းခေါင်းဆောင် ဆာဝါက ချေပဂိုးသွင်းယူနိုင်ခဲ့၍ ပယ်နယ်တီအဆုံးအဖြတ် ကန်ခဲ့ရသည်။

ချန်ပီယံဖြစ်

ပယ်နယ်တီကန်သွင်းရာတွင် ဂျပန်က သုံးဂိုးဝင်ပြီး အမေရိကန်က တစ်ဂိုးသာဝင်ခဲ့၍ ဂျပန်အသင်း အာရှဂုဏ်ကို ဆောင်ပြီး ပထမဦးဆုံးအကြိမ် ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့သည်။ ဤပွဲတွင် ပွဲချိန် ၁၂၀ မိနစ်၌ ဂျပန်အသင်းမှ အီဝါရှိမီဇူး အနီကတ်ထိခဲ့သည်။ ဂျပန်အသင်းသည် ယခုပွဲမတိုင်မီ အမေရိကန်အသင်းနှင့် ၂၅ ကြိမ်တိတိ ဆုံတွေ့ခဲ့ရာတွင် တစ်ကြိမ်မှ အနိုင်မရရှိခဲ့သည့် စံချိန်ကိုလည်း အဆုံးသတ်နိုင်ခဲ့သည်။ ဤပြိုင်ပွဲတွင် ဂျပန်အသင်းမှ အသင်းခေါင်းဆောင် ဆာဝါမှာ ရွှေဖိနပ်ဆုရခဲ့ပြီး ပရိသတ်အားပေးမှု အများဆုံးခံခဲ့ရသည့် အမေရိကန်ဂိုးသမား ဆိုလိုမှာ ရွှေလက်အိတ်ဆု ရရှိခဲ့သည်။

ESPN

ချန်ပီယံဆုဖလားကို ကိုင်မြှောက်၍ အောင်ပွဲခံနေသည့် ဂျပန်အမျိုးသမီးအသင်း။

ကိုပါအမေရိကဖလားပြိုင်ပွဲ နာမည်ကြီးဘရာဇီး ပြိုင်ပွဲမှထွက်ရ

ဗျူနိုအေးရိစ် ဇူလိုင် ၁၈

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို တနင်္ဂနွေနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပခဲ့ရာ ပါရာဂွေးအသင်းနှင့် ဗင်နီဇွဲလားအသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး နာမည်ကြီးဘရာဇီးအသင်းမှာ ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

ဘရာဇီးနှင့် ပါရာဂွေးတို့ပွဲတွင် ပါရာဂွေးက ပယ်နယ်တီအဆုံးအဖြတ်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချီလီနှင့် ဗင်နီဇွဲလားတို့ပွဲတွင် ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဗင်နီဇွဲလားက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် ပီရူးနှင့် ဥရုဂွေး၊ ပါရာဂွေးနှင့် ဗင်နီဇွဲလားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ESPN

ဟန်သစ်

မြန်မာစီနီယာ ပီဂျီအေ သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

၂၀၁၁ ခုနှစ် Myanmar Senior Professional Golfers Association သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Traders Hotel Myanmar Ballroom ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာစီနီယာ ပီဂျီအေ ဥက္ကဋ္ဌ ဦးစန်းနောင်နှင့် အတွင်းရေးမှူး ဦးချမ်းဟန်တို့က စီနီယာ ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းနှင့်စာနယ်ဇင်းများမှ သတင်းစာဆရာများက သိလိုသည်များကို မေးမြန်းကြရာ အတွင်းရေးမှူး ဦးချမ်းဟန်က ရှင်းလင်းဖြေကြားခဲ့သည်။ (သတင်းစဉ်)

ဇူလိုင် ၁၇ ရက်က အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd. တို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် Denk Pharma Cup သက်တန်းအလိုက် ရေကူးပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲတွင် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူး ဦးကျော်ဦး ဒုတိယဆုရ United အသင်းအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

(၁၁)ကြိမ်မြောက် အာရှဇီဝဒြပ်ထုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

စွမ်းအင်ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ စွမ်းအင်စီးပွားရေးသိပ္ပံတို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာရှဇီဝဒြပ်ထုဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် အမရဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Atsushi Igarashi၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ စွမ်းအင်စီးပွားရေးသိပ္ပံမှ တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Atsushi Igarashi တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

ယင်းနောက် အထူးဖိတ်ကြားထားသည့် ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ ပြည်တွင်းမှ ပညာရှင်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အာဆီယံနိုင်ငံများနှင့် အာရှဒေသတွင်း နိုင်ငံများ၏ ဇီဝအရင်းအမြစ်များကို ထိရောက်စွာ လက်တွေ့အသုံးချနိုင်မှု၊ ဇီဝဒြပ်ထု စွမ်းအင်သုံးစွဲမှု နည်းပညာများနှင့် မူဝါဒများနှင့်စပ်လျဉ်း၍ ဇူလိုင် ၁၁ ရက်မှ ၁၅ ရက်အထိ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆွေးနွေးပွဲ ကျင်းပစဉ်ကာလအတွင်း တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)မှ သုတေသနပြုဆောင်ရွက်လျက်ရှိသော ကြက်ဆူပင်မျိုးကွဲများ စိုက်ပျိုးထားရှိမှုနှင့် နေပြည်တော် ဇေယျာသီရိမြို့နယ် ရွှေပေးကျေးရွာ၌ ဇီဝဓာတ်ငွေ့အသုံးပြု၍ ကျေးရွာမီးလင်းရေး ဆောင်ရွက်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။ (သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် (၁၁)ကြိမ်မြောက် အာရှဇီဝဒြပ်ထုဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကံ့ကော်မြိုင်လမ်း သုဝဏ္ဏနေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-ဒေါ်သန်းမြင့်မိသားစုက ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)၏ မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေနှင့် ထာဝရဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၂၂ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဇွန် ၂၀ ရက်က ကွမ်းလုံခရိုင် ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်မှူး ဦးမျိုးဝင်းရှိန်နှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။
(၅၇၅)

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

တန့်ဆည် ဇူလိုင် ၁၈

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို အသင်းရုံးတည်ရှိရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး ဗဟန်း(၃)လမ်းရှိ တန့်ဆည်မြို့နယ်အသင်းရုံး၌ ဇူလိုင် ၂၄ ရက်နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ တန့်ဆည်မြို့နယ်ဖွား ကျောင်းထိုင်ပဓာန နာယကဆရာတော်ကြီးများနှင့် ပင့်သံဃာ ၁၅ ပါးတို့အား လှူဒါန်းမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးချစ်မွေး ဖုန်း-၆၄၀၂၂၃၊ အတွင်းရေးမှူး ဦးမြင့်အောင် ဖုန်း-၀၉-၅၀၀၉၅၉၂ နှင့် တန့်ဆည်မြို့နယ်အသင်းရုံး ဖုန်း - ၀၉-၇၃၁၈၇၆၅၉ တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။
(ကြေးမုံ)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ချဲထီ၊ နှစ်လုံးထီလောင်းကစားမှုများ ပြင်ဦးလွင်၌ ဖမ်းဆီး

ပြင်ဦးလွင် ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့နယ်မြေအတွင်း ချဲထီ၊ နှစ်လုံးထီလောင်းကစားမှုများ လုပ်ကိုင်နေကြကြောင်း စုံစမ်းသိရှိရ၍ ပြင်ဦးလွင်ရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့(ဆွယ်)၊ မှုခင်းတပ်ဖွဲ့(ဆွယ်)နှင့် သက်သေများ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးခဲ့ရာ ဇူလိုင် ၆ ရက်တွင် ပြင်ဦးလွင်မြို့ ပြည်သာယာလမ်း အိမ်အမှတ်(၂၈၃) (မ)ရပ်ကွက်အား ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဖြစ်သူ ဒေါ်နွဲ့နွဲ့အေးအား နေအိမ်ဧည့်ခန်းအတွင်း၌ နှစ်လုံးထီလောင်းကစား ပြုလုပ်နေပြီး ၎င်းနှင့်အတူ လောင်းကစားဆက်စပ်ပစ္စည်း ရှစ်မျိုး၊ လောင်းကစားရာတွင် အသုံးပြုသော အများသုံးငွေရောရာ ငွေကျပ် ၂၀၂၈၀ တို့အား လည်းကောင်း၊ ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၈) (ရ) ရပ်ကွက် အိမ်အမှတ် (၉၇) သို့ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ဦးကျော်လွင်အား နေအိမ်ဧည့်ခန်းအတွင်း လောင်းကစားဆက်စပ်ပစ္စည်း ၁၃ မျိုး၊ လောင်းကစားငွေရောရာ ငွေကျပ် ၃၉၇၅၀၀ နှင့် လည်းကောင်း၊ အမှတ်(၁၅) ဇေယျလမ်း ၁၂ ညံတော ရပ်ကွက်ကြီး(၂) သို့ ဝင်ရောက်ရှာဖွေရာ ရပ်ကွက်ကြီး(၂) ၄၅ မြမာလာ ရွှေစေတီလမ်း အမှတ်(၉၄)နေသူ အောင်စောနိုင်အား နေအိမ်ဘေးဝဲဘက်အဖီ မီးဖိုခန်း၌ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်း ၁၄ မျိုး၊ အများသုံးငွေရောရာ ငွေကျပ် ၃၂၀၀၀ နှင့်အတူ နှစ်လုံးထီရေးမှတ်နေစဉ် အသီးသီးတွေ့ရှိရသဖြင့် ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့ရာ ပြင်ဦးလွင်ရဲစခန်းမှ တရားခံ ဒေါ်နွဲ့နွဲ့အေးအား (ပ) ၁၁၆/ ၂၀၁၁၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် လည်းကောင်း၊ တရားခံ ကျော်လွင်အား (ပ) ၁၁၇/၂၀၁၁၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် လည်းကောင်း၊ တရားခံ အောင်စောနိုင်အား (ပ) ၁၁၅/၂၀၁၁ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (၆၁၃)

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇူလိုင် ၁၈

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၁	၂၅	နေရာအနှံ့အပြားမိုးရွာ	၈၀%
၂	ကယားပြည်နယ်	၂၈	၂၀	နေရာကွက်ကျားမိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးရွာ	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာကျဲကျဲမိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၅	နေရာကွက်ကျားမိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာစိပ်စိပ်မိုးရွာ	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၁	၂၅	နေရာကွက်ကျားမိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၈	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၀	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၅	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၅	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးရွာ	၆၀%

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မော်လမြိုင်မြို့တွင် ၄ ဒသမ ၂၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၉၃ လက်မ၊ မချမ်းဘောမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၉၂ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၆၇ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၅၆ လက်မနှင့် မြိတ်မြို့တွင် ၂ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေအားကောင်းမည်။

နတ်တလင်းမြို့ပေါ်ရှိ လမ်းမီးများ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်းကို ဇွန် ၄ ရက်က လမ်းခုနစ်လမ်းတွင် ပြုပြင်တပ်ဆင်ဆောင်ရွက်ခဲ့ရာ မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဓာတ်တိုင်တစ်ခု၌ လျှပ်စစ်မီးလုံးတပ်ဆင်မှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပခုက္ကူ ရှင်မတောင်သနပ်ခါး ကလေးနယ်၌ ဖြစ်ထွန်းအောင်မြင်

သတင်းမှတ်စု
ကလေး-ဝင်းသူ

နတ်ချောင်းရွာ တိုက်နယ်ဆေးရုံ နောက်ကျောဘက်ရှိ ဦးမောင်မောင်-ဒေါ်ခင်ရင်တို့၏ ခိုင်ပန်းစုံ ရွှေနံ့သာဥယျာဉ်မှာ လယ်မြေကို အသစ်ဖော်ထုတ်နေရာချထားသော အိမ်မြေခြံဝင်းနေရာတွင် စိုက်ပျိုးထားသော ဥယျာဉ်တစ်ခုဖြစ်သည်။ ထိုလယ်မြေနေရာတွင် စနစ်တကျ ရေသွင်းထွန်ယက်ပြီး ပခုက္ကူ ရှင်မတောင်သနပ်ခါးပင်ပေါင်း ၄၀၀၀ ကျော်ကို အကွက်ချ၍ စိုက်ပျိုးထားခြင်းဖြစ်သည်။

ရှင်မတောင်သနပ်ခါးပင်များကို လေးပေပတ်လည် အကွက်ချ၍ စနစ်တကျ တန်းစီစိုက်ပျိုးထားရာ သနပ်ခါးပင်များမှာ တစီတတန်း လှပ၍ နေသည်။ အပင်များမှာ လူအရပ် နှစ်ပြန် သုံးပြန်ကျော် မြင့်နေကြပြီ။ လုံးပတ်မှာ ပေါင်လုံးခန့်၊ ခြေသလုံးခန့် ရှိနေကြပြီ။ အခက်အလက်ဝေဆာနေသော သနပ်ခါးခြံကြီးကား ရနံ့သင်း၍ မွှေးကြိုင်လန်းဆန်းလျက် ရှိနေကြပေသည်။ သနပ်ခါးပင်များအကြား ငရုတ်ပင်များကို စိုက်ပျိုးထားရာ လယ်မြေမှာ ယာမြေပြောင်း၍ စိမ်းလန်းစိုပြည်လျက်ရှိပါသည်။

သနပ်ခါးပင်ပျိုများ အကြား၌ လေဝင်လေထွက်ရှိစေရန် ကြားလမ်းချန်၍ စိုက်ပျိုးထားခြင်းဖြစ်သည်။ ထိုကြားလမ်းတွင် ငရုတ်ပင်များကို စနစ်တကျအကွက်ချ စိုက်ပျိုးထားသည်။ မြေဧက အကျယ်အဝန်းကို မေးကြည့်ရာ စုစုပေါင်း ခုနစ်ဧက ကျယ်ဝန်းသည်ဟု သိရသည်။ ဥယျာဉ်ဘေးပတ်လည်တွင် ထန်းပင်၊ သရက်ပင်နှင့် ငှက်ပျောပင်များကို လေကာပင်အဖြစ် စိုက်ပျိုးထားရာ စိမ်းလန်းစိုပြည်၍ နေသည်။ တဲရှေ့မျက်နှာစာတွင် စိုက်ပျိုးထားသော သဘော်ပင်တို့မှာလည်း သုံးပေခန့်အမြင့်တွင် အသီးဝေဝေလှိုင်၍ သီးနေကြသည်။

ရှင်မတောင် သနပ်ခါးမျိုးစေ့များကို ပခုက္ကူ မြိုင်မြို့တို့ရှိ သနပ်ခါးခြံများမှ ဝယ်ယူခဲ့သည်။ သနပ်ခါးမျိုးစေ့နို့ဆီဘူးတစ်ဘူးကို ကျပ် ၁၀၀၀ ပေးရသည်။ သနပ်ခါးမျိုးစေ့များကို ငါးလက်မ၊ ခြောက်လက်မအရွယ်ခန့်ရှိ ပလတ်စတစ်

စာမျက်နှာ ၉ ကော်လံ ၄ သို့

နတ်ချောင်းရွာမှ အောင်မြင်ဖြစ်ထွန်းနေသော ပေါင်လုံးခန့်ရှိ သနပ်ခါးပင်များ။

အင်တာနက် ရာသီဥတုသိပ္ပံသတင်း

ဘာသာပြန် - စံစံ

မုတ်သုံရာသီဆိုင်ရာ သတင်းအချက်အလက်များရရှိရန် အိန္ဒိယသမုဒ္ဒရာအတွင်း စက်ရုပ်များဖြန့်ကြက်မည်

အိန္ဒိယ သမုဒ္ဒရာအတွင်း မုတ်သုံလေတိုက်ခတ်ပုံကို စက်ရုပ်များဖြင့် လေ့လာနိုင်ရန် သိပ္ပံပညာရှင်များ ပြင်ဆင်လျက်ရှိကြစဉ်။*(ဓာတ်ပုံ-အင်တာနက်)*

ကင်ဘာရာ ဇူလိုင် ၁၈

ရာသီဥတုနှင့်မုတ်သုံရာသီဆိုင်ရာ အရေးကြီးသော သိပ္ပံသတင်း အချက်အလက်များ ရရှိနိုင်ရေးအတွက် အိန္ဒိယသမုဒ္ဒရာအတွင်း စက်ရုပ် ၁၉ ရုပ် ဖြန့်ကြက်နိုင်ရန် နိုင်ငံတကာ သိပ္ပံပညာရှင်များက စီစဉ်လျက်ရှိကြောင်း၊ သို့ရာတွင် အိန္ဒိယသမုဒ္ဒရာအတွင်း ဆိုမာလီ

စာမျက်နှာ ၉ ကော်လံ ၆ သို့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၇-၂၀၁၁

မော်လမြိုင်	၄ ဒသမ ၂၂ လက်မ
ကျောက်ဖြူ	၃ ဒသမ ၉၃ လက်မ
မချမ်းဘော	၃ ဒသမ ၇၄ လက်မ
ပေါင်	၂ ဒသမ ၉၅ လက်မ
မြစ်ကြီးနား	၂ ဒသမ ၉၂ လက်မ
ကျိုက်မရော	၂ ဒသမ ၆၇ လက်မ
သထုံ	၂ ဒသမ ၅၆ လက်မ